# ချမ်းမြေ့ အရှင်ဇနက

# သတိယှဉ်မှ တရားမြင်


ချမ်းမြေ့ အရှင်ကန္ဒက
သတိယှဉ်မှု တရားမြင်

# သန္နိဋ္ဌာန်

ကိုယ်တည်းတစ်ယောက်၊ ချမ်းသာရောက်ဖို့၊
ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး၊
ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊
ရှေးခါဘိုးဘ၊ လက်ထက်ကလျှင်၊
ရသည့်တန်ခိုး၊ ထပ်မညှိုးဖို့၊
အားကြိုးမာန်တက်၊ တို့ဆောင်ရွက်သည်၊
ဆက်လက်တည်တံ့ပါစေသော်။

မဟာဂန္ဓာရုံဆရာတော်

# ကြိုးစားကြပါစို့

လူ နတ် ဗြဟ္မာ၊ သတ္တဝါတို့၊
များစွာကျိုးရ၊ ချမ်းသာလှသည့်၊
ဗုဒ္ဓမြတ်စွာ၊ သာသနာသည်၊
ရှည်ကြာတည်တံ့၊ ရှည်စိုင်ခံ့၍၊
ပျံ့နှံ့တိုးပွား၊ ကျင့်သူများလျက်၊
ရပြားချမ်းသာ၊ ချမ်းမြေ့သာအောင်၊
ညီညာတို့များ၊ တာဝန်ထား၊
ကြိုးစားကြပါစို့။

ချမ်းမြေ့ဆရာတော်

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အမှာလွှာ | ... | ၁ |
| ချမ်းမြေ့ရိပ်သာ၏အလှ | ... | ၉ |
| နေကွန့်မှုပါရမီ | ... | ၁၀ |
| ဝိပဿနာအလုပ် | ... | ၁၀ |
| လောက၏အမြင် | ... | ၁၁ |
| ဘဏ္ဍာရေးဝန်ကြီးနှင့်တူသော သတိ | ... | ၁၂ |
| သတိဆို ပိုသည်မရှိ | ... | ၁၄ |
| သတိမရှိကြလို့ သေကြရသူများ | ... | ၁၅ |
| တောင်ဖီလာဆရာတော်၏ ဩဝါဒ | ... | ၁၇ |
| နေရာတိုင်းမှာ သတိထားဖို့ရာ | ... | ၁၇ |
| ယောဂီများအဖို့ ပိုပြီးအရေးကြီးသည် | ... | ၁၈ |
| သတိယှဉ်လို့ တရားမြင် | ... | ၁၉ |
| လောကကြီးက တရားပြ | ... | ၂၀ |
| နတ်တမန်သုံးဦး | ... | ၂၂ |
| သူအိုကြီးက ဟောတဲ့တရား | ... | ၂၄ |
| သူနာကြီးက ဟောတဲ့တရား | ... | ၂၇ |

## မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| မရဏသုံးမျိုး | ... | ၃၀ |
| အဒ္ဓါမရဏ | ... | ၃၀ |
| သန္တတိမရဏ | ... | ၃၁ |
| ခဏိကမရဏ | ... | ၃၂ |
| သူသေက ဟောတဲ့တရား | ... | ၃၃ |
| အရှင်လတ်လတ်သေသူ | ... | ၃၄ |
| ဘ၀က တန်ဖိုးရှိသော်လည်း လူကအဖိုးမတန်ပါ | ... | ၃၅ |
| အရိန္ဒမနဲ့ သောဏက | ... | ၃၆ |
| သူငယ်ချင်း | ... | ၃၇ |
| အရိန္ဒမမင်းသား ရှင်ဘုရင်ဖြစ် | ... | ၃၉ |
| အင်ကြင်းရွက်က တရားပြ | ... | ၄၀ |
| ဉာဏ်သုံးမျိုး | ... | ၄၂ |
| သောဏက ပစ္စေကဗုဒ္ဓါဖြစ် | ... | ၄၃ |
| လောကီချမ်းသာနဲ့ လောကုတ္တရာချမ်းသာ | ... | ၄၅ |
| တစ်သက်နဲ့တစ်ကိုယ် မစံစားဖူးပါဘုရား | ... | ၄၆ |
| သောဏကရှာပုံတော် | ... | ၄၇ |
| လောကီဥစ္စာနဲ့ လောကုတ္တရာဥစ္စာ ကွာခြားပုံ | ... | ၅၁ |
| ရဟန်းတို့၏ ချမ်းသာရှစ်ပါး | ... | ၅၆ |
| နွံနစ်နေသည့် ဆင်ကြီးပမာ | ... | ၅၈ |
| ဆင်သေကို စီးလိုက်တဲ့ ကျီးမိုက် | ... | ၅၉ |
| အားကိုးလွဲလို့ သေပွဲဝင် | ... | ၆၁ |
| ကျီးမိုက်ပမာ သတ္တဝါ | ... | ၆၂ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဘုရားလောင်း တောထွက် | ... | ၆၄ |
| အမြဲရှုပွား သတိထား | ... | ၆၅ |
| ကောင်းသော နံနက်ခင်း | ... | ၆၆ |
| ကောင်းသော နေ့လယ်ခင်း | ... | ၆၇ |
| ကောင်းသော ညနေခင်း | ... | ၆၈ |


၀

# အမှာစာ

ချမ်းမြေ့ အရှင်ကုဏ္ဍကရဲ့ "သတိယှဉ်မှ တရားမြင်" ဆိုတဲ့ ဟောတရားစာမူလေးကို ဖတ်ရပါတယ်။ အရှင်ကုဏ္ဍကဟာ ချမ်းမြေ့ ဆရာတော်ကြီးရဲ့ တာဝန်ပေးချက်အရ မော်ဘီချမ်းမြေ့ရိပ်သာမှာ ပြည်တွင်းပြည်ပ ယောဂီတွေအား တရားဟော တရားပြလျက်ရှိနေပါတယ်။ အရှင်ကုဏ္ဍကနဲ့ သာမဏေကျော်ဟာ စစ်ကိုင်းတိုင်း မုံရွာခရိုင် အရာတော်မြို့နယ် တစ်နယ်တည်းသား ဖြစ်ပါတယ်။ ရွာချင်းကပ်လျက်ရှိပါတယ်။ အရှင်ကုဏ္ဍကရဲ့ ဇာတိရွာက သလဲဘာ၊ သာမဏေကျော်ရဲ့ ဇာတိရွာက စပါးတွင်း။ အမရပူရမြို့ မဟာဂန္ဓာရုံရောက်တော့လည်း ဆရာချင်းတူနေပါတယ်။ ဆရာက အရှင်ကုဏ္ဍာဘာသာဘိဝံသ (နာယကဆရာတော်)၊ ချမ်းမြေ့ဆရာတော် ဘုရားကြီး မန္တလေးမြို့ စိန်ပန်းရတနာပုံရိပ်သာမှာ သီတင်းသုံးခဲ့စဉ်ကလည်း အရှင်ကုဏ္ဍကနဲ့ သာမဏေကျော်ဟာ မန္တလေးမြို့ မဟာမြိုင်ဆရာတော် အရှင်သဒ္ဓနသာရရဲ့ အပ်နှံပေးချက်အရ ချမ်းမြေ့ဆရာတော့် မေတ္တာရိပ်အောက်မှာ အတူတူတရားအားထုတ်ခဲ့ကြပါတယ်။

စိန်ပန်း ရတနာပုံရိပ်သာမှတစ်ဆင့် ရန်ကုန် မဟာစည် သာသနာ့ရိပ်သာကြီးမှာလည်း ချမ်းမြေ့ဆရာတော်ရဲ့အပ်နှံပေးချက်အရ

ပထမအကြိမ် အတူတူတရားအားထုတ်ခဲ့ကြပြန်ပါတယ်။ တရားအားထုတ်ပြီးနောက် အရှင်ဣန္ဒကလည်း စာချတန်းပြီးအောင် ပရိယတ်ဆက်လုပ်ခဲ့ပါတယ်။ သာမဏေကျော်လည်း ပရိယတ်ခရီးဆက်ခဲ့ပါတယ်။ စာမေးပွဲတွေ အောင်ပြီးကြတဲ့အခါ ပဋိပတ်ခရီးဆက်ကြပြန်ပါတယ်။

အရှင်ဣန္ဒက က ချမ်းမြေ့ရိပ်သာကို ရောက်ပါတယ်။ သာမဏေကျော်က ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာကို ရောက်ပါတယ်။ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ မေဓာ္ဂာရိပ်မှာ နိုလ့်ခဲ့စဉ်က ပရိယတ်ညီအစ်ကိုဖြစ်ခဲ့ပါတယ်။ မဟာစည်ဆရာတော်ကြီးရဲ့ ဩဝါဒခံ ပဋိပတ်နယ်ပယ်မှာလည်း ပဋိပတ်ညီအစ်ကို ဖြစ်ခဲ့ရပြန်ပါတယ်။ အရှင်ဣန္ဒကရဲ့ ဟောတရားတွေကို ဖတ်ရှုရတဲ့အခါ "သူပြောလိုတဲ့ တရားတွေကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ဟောနိုင်ပေတာပ" လို့ မှတ်ချက်ချမိပါတယ်။ "သာမဏေကျော် ဟောပါ" ဆိုရင် အရှင်ဣန္ဒကလို ဝေဆာအောင်ဟောတတ်မယ် မထင်ပါဘူး။

အရှင် ဣန္ဒကရဲ့ "သတိယှဉ်မှ တရားမြင်" တရားတော်ထဲက ဒီစကားလေးတွေကို အထူးပဲ မှတ်သားမိပါတယ်။

- ဘုရားက ဝိပဿနာပညာကို ရှင်ဘုရင်နဲ့ နှိုင်းထားတယ်၊ သတိကို ဘဏ္ဍာရေးဝန်ကြီးနဲ့ နှိုင်းထားတယ်။
- အောင့်အည်းချုပ်တည်းသင့်တဲ့နေရာမှာ မအောင့်အည်း မချုပ်တည်းနိုင်ခဲ့ရင် အပြစ်ကြီးစွာရောက်ရတယ်၊ ချုပ်တည်း အောင့်အည်းနိုင်ရင်တော့ ကြီးမားတဲ့ကောင်းကျိုးတရားတွေကို ရရှိပါတယ်။

- ကြွေကျနေတဲ့သစ်ရွက်ကလေးတွေသည်ကပင် လောက လူသားများကို တရားပြပြီးတော့ နေတယ်။ ဒါကိုတော့ သတိရှိသူမှ မြင်တယ်ပေါ့။
- အရှင်လတ်လတ် မသေချင်ကြနဲ့နော်။
- သတ္တဝါတိုင်းဟာ မိမိတစ်စုံတစ်ခု ချမ်းသာသုခကို ခံစား ရပြီဆိုရင် ကိုယ်မေတ္တာရှိတဲ့ပုဂ္ဂိုလ်ကို သတိရကြတာပဲ များပါတယ်။
- ကောင်းသောနံနက်ခင်း၊ ကောင်းသောနေ့လယ်ခင်း၊ ကောင်းသောညနေခင်းဖြစ်အောင် သတိနဲ့ ဆောင်ရွက်ရ ပုံလေးတွေကို မိန့်ကြားထားတာလည်း

အထူးပဲ မှတ်သားစရာကောင်းပြန်ပါတယ်။

"သတိယှဉ်မှ တရားမြင်" တဲ့၊ ဘယ်လိုသတိယှဉ်ရမှာလဲ။ ဘာတွေကို သတိယှဉ်ရမှာလဲ၊ သတိယှဉ်ရင် ဘယ်လိုတရားမြင်တာလဲ။ တရားနာမည်ကို ဖတ်လိုက်ရတယ်ဆိုရင်ပဲ ဒီမေးခွန်းလေးတွေကို သာမဏေကျော်ရဲ့ စိတ်ထဲမှာ မေးခွန်းထုတ်မိပါတယ်။ စာရှုသူလည်း သာမဏေကျော်လိုပဲ မေးခွန်းတွေ ထုတ်နေမိမယ် ထင်ပါတယ်။ သာမဏေကျော်က စိတ်ထဲက မှန်းပြီးဖြေလိုက်ပါတယ်။ ပြီးတော့မှ အရှင်ဣန္ဒကရဲ့ ဟောတရားကို ဖတ်ရှုကြည့်ပါတယ်။ စာရှုသူလည်း သာမဏေကျော်လိုပဲ စိတ်ထဲက မှန်းပြီးဖြေကြည့်ပါဦး။ ပြီးမှ အရှင်ဣန္ဒကရဲ့ ဟောကြားချက်နဲ့ တိုက်ဆိုင်ကြည့်ပါ။

စာရှုသူရဲ့ အဖြေနဲ့ အရှင်ဣန္ဒကရဲ့ ဟောကြားချက်ဟာ အတူတူပဲလား၊ ခြားနားသလား၊ ရှုစားသုံးသပ်ကြည့်ပါ။

သာမဏေကျော်

# ကျမ်းစာအုပ်ငယ်၏ ဖြစ်စဉ်

စာရေးသူသည် ရန်ကုန်မြို့ ချမ်းမြေ့ရိပ်သာကျောင်း ကမ္ဘာ့ဗုဒ္ဓသာသနာပြုဖြစ်တော်မူသော ကျေးဇူးတော်ရှင် ချမ်းမြေ့ ဆရာတော်ဘုရားကြီး၏ ထံတော်အပါးတွင် ၁၉၈၉ ခုနှစ်၊ ဝါတွင်းသုံးလပတ်လုံး သတိပဋ္ဌာန်ဝိပဿနာတရားတော်များကို တတိယအကြိမ်ပွားများအားထုတ်ခဲ့ပါသည်။ (ပထမအကြိမ် ဒုတိယအကြိမ်များမှာ မဟာစည်ဆရာတော်ဘုရားကြီး၏ အထံတော်ပါးတွင် အားထုတ်ခဲ့ပါသည်။) ထို့နောက် ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ဘုန်းရိပ်ကံရိပ် မေတ္တာကရုဏာအရိပ်မှာ ခိုလှုံလျက် ရဟန်းရှင် လူ ယောဂီ သူတော်စင်တို့အား ဆရာတော်ဘုရားကြီး၏ ညွှန်ကြားချက် လမ်းစဉ်အတိုင်း သတိပဋ္ဌာန်တရားတော်များကို ဟောဖော် ညွှန်ကြားပြသလာခဲ့ရာ ယခုဆိုရင် အချိန်ဟာ ၁၁ နှစ်၏အရှက်ဦးပိုင်းကို ရောက်ရှိခဲ့ပါပြီ။

ဆရာတော်ဘုရားကြီးသည် တပည့်ယောဂီများအပေါ် ထားရှိတော်မူသည့် မေတ္တာကရုဏာတော်က သိပ်ကြီးမားတော်မူပါသည်။

ထို့ကြောင့် ယောဂီသူတော်စင်များ ကမ္မဋ္ဌာန်းဘုန်းကြီးများအား သတိပေးတိုက်တွန်းသည့်အခါမျိုးတွင် တစ်နေ့တာ ၂၄ နာရီ ရှိသည့်အနက် လေးနာရီလောက်ပဲ အနားယူကြပါစေ၊ ကျန် နာရီ ၂၀ အချိန်ကို (၁) စင်္ကြံလျှောက်ရှုမှတ်ခြင်း၊ (၂) ထိုင်ပြီးရှုမှတ်ခြင်း၊ (၃) အသေးစိတ် (သမ္ပဇည) ရှုမှတ်ခြင်းဆိုတဲ့ အပိုင်းသုံးပိုင်းဖြင့် မပြတ်တရစပ် ရှုမှတ်မှုချင်း ဆက်စပ်အောင် ရှုမှတ်ကြပါစေ။ အထူးသဖြင့် စိတ်နှင့် အသေးစိတ်အမူအရာကို အလေးဂရုပြု၍ ရှုမှတ်ကြပါစေဟု သတိပေးတိုက်တွန်းတော်မူလေ့ရှိပါသည်။

ဥပုသ်နေ့များမှအပ အခြားနေ့များတွင် နေ့စဉ်မှန်မှန် တရားအစစ်ခိုင်းပါသည်။ ဆရာတော်တာဝန်ပေးချက်အရ ယောဂီများကို တရားစစ်ဆေးလာတဲ့အခါ ယောဂီများ၏ လိုအပ်သည့် ရှုနည်း မှတ်နည်းများ၊ လွဲမှားနေသည့် အသိအမြင်၊ လျော့နည်းသည့် ဝီရိယ၊ ပေါ့လျှော့သည့် ရှုမှတ်မှုသတိနှင့် အခြားခြားသော ပျော့ကွက် ဟာကွက် အားနည်းချက်ကလေးများကို တွေ့လာ သိလာရပါသည်။

ယောဂီများ တရားအားထုတ်ကြခြင်းသည် စစ်တိုက်ရခြင်းနှင့် တူပါသည်။ ရှေ့တန်းစစ်မြေပြင်တွင် စစ်သည်တော်များဟာ တစ်ဖက် ရန်သူနှင့် သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင်တိုက်ခိုက်တဲ့အခါ ကိုယ့်ဘက်က အနိုင်ရှိသလို အရှုံးလည်း ရှိတတ်ပါသည်။ ထိုနည်းတူစွာ ကိလေသာနဲ့ စစ်ထိုးကြရတဲ့ ယောဂီများမှာလည်း အရှုံးနှင့်အနိုင်ဆိုတာ ရှိစမြဲ ဖြစ်ပါသည်။ ကိလေသာစစ်ပွဲမှာ အရှုံးပြနေကြသော ယောဂီများကို စာရေးသူတို့က ဒီယောဂီ ဘာကြောင့် အရှုံးပြနေသလဲ၊ ယုံကြည်မှု နည်းလို့လား၊ ကြိုးစားမှုပျော့လို့လား။ ထွက်စိတ် လွင့်စိတ် စဉ်းစားစိတ်တွေ များနေလို့လား၊ စူးစိုက်မှုသတိ အားနည်း

လို့လား စသည်ဖြင့် အကဲခတ်ရပါသည်။ အကဲခတ်၍ တွေ့ရှိလာတဲ့ အခါမျိုးမှာ ၎င်းအားနည်းချက်ကလေးများကို အားကောင်းလာအောင်၊ ပျော့ကွက် ဟာကွက်ကလေးတွေ ပြည့်ဝသွားအောင် ဆိုင်ရာ ဆိုင်ရာ တိုက်တွန်းစကား အားပေးတရားများကို ဟောပြရည့်နှုန်ပြရပါသည်။

ယခု စာရှုသူ၏လက်တွင် ရောက်လာသော ဤစာအုပ်ငယ်ကလေးသည်လည်း စူးစိုက်ရှုမှတ်မှုသတိ အားပျော့ခြင်းကြောင့် ကိလေသာစစ်ပွဲမှာ တပိုင်းပိုင်း ကျဆုံးနေကြတဲ့ ယောဂီတို့ကို အားပေးစကား၊ တိုက်တွန်းတရား ဟောရင်းပြောရင်းဖြင့် ပထမ တရားတိပ်ခွေဘဝသို့ ရောက်ခဲ့ပါသည်။ ၎င်းတရားတိပ်ခွေဘဝမှ တပည့်ယောဂီများ၏ လျှောက်ထားတောင်းပန်မှုကြောင့် ဒုတိယအဆင့်အနေဖြင့် ယခုလို စာအုပ်ငယ်ဘဝသို့ ရောက်ခဲ့ရခြင်းဖြစ်ပါသည်။

## စာရေးသူ၏ ယုံကြည်ချက်

ဤစာအုပ်ငယ်ကလေးသည် မိမိ၏နှလုံးသားကို စစ်မြေပြင်ပမာထား၍ တစ်ဖက်ကိလေသာရန်သူတို့နှင့် ထိုးစစ်ဆင်ကာ တိုက်ပွဲဝင်နေကြသော သူတော်စင်စစ်သည်တော်များအတွက် အောင်ရာအောင်ကြောင်း နည်းကောင်းလမ်းကောင်း လက်နက်ကောင်းတစ်ခု ဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

စာရှုသူ သူတော်စင်များအတွက်လည်း ယုံကြည်မှုသဒ္ဓါတရား၊ ကုသိုလ်ဆိုင်ရာတို့ကို အမှတ်ရမှု သတိတရား၊ ကုသိုလ်ပြုလိုသော သမ္မာဆန္ဒစသည့် ကောင်းမြတ်တဲ့ဓာတ်၊ ဖြူစင်တဲ့စိတ်များ အထိုက်အလျောက် ဖြစ်ပေါ်စေခြင်း အကျိုးတရားများ ဖြစ်နိုင်ပါ

လိမ့်မည်ဟု ယုံကြည်ပါသည်။ စာရှုသူများအားလုံး ကြည်လင်ရွှင်လန်း ချမ်းမြေ့သာယာစွာ ကြည့်ရှုဖတ်ကြားနိုင်ကြပါစေ။

**အမြတ်ဆုံးပူဇာ**

ကျေးဇူးတော်ရှင် ဆရာ့ဆရာတော်များနှင့် သံဃာတော်များ၏ ဂုဏ်ကျေးဇူးတို့ကိုလည်းကောင်း၊ မိဘနှစ်ပါး၏ ကျေးဇူးတို့ကိုလည်းကောင်း ဤစာအုပ်ငယ်ဖြင့် ပူဇော်ပါ၏။ ကျေးဇူးတုံ့ပြန်လိုက်ပါ၏။

ဤစာအုပ်ငယ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီကြသော တပည့်များ၏ ကြိုးစားမှုကိုလည်း ဤစာအုပ်ငယ်ကလေးဖြင့်ပင် ဂုဏ်ပြုလိုက်ပါသည်။

ချမ်းမြေ့အရှင်ကုန္တက

## ချမ်းမြေ့ရိပ်သာ၏ အလှ

မော်ဘီမြို့ ချမ်းမြေ့ရိပ်သာဟာ မော်ဘီမြို့ရဲ့ အနောက်ဘက် စိုက်ပျိုးရေးသင်တန်းကျောင်းအနီးမှာ တည်ရှိလို့မို့ မြို့နဲ့ မနီးမဝေး လည်း ဖြစ်တယ်။ မြို့ရွာလူသံဆူညံခြင်းလည်း ကင်းလို့ အလွန်ဆိတ် ငြိမ်တယ်။ ပြည်လမ်းမကြီးနဲ့ နှစ်ဖာလုံလောက်အကွာမှာသာ ဖြစ်ပြီး ကတ္တရာလမ်းမှာ လျှောက်လှမ်းရတာဖြစ်တော့ သွားလမ်းလာလမ်း လည်း ကောင်းတယ်။ အုံ့ဆိုင်းနေတဲ့ မရန်းပင်ကြီးများ။ ညိုမှိုင်းလှတဲ့ သရက်ပင်ကြီးများ၊ ကြီးထွားမြင့်မားတဲ့ ပိန္နဲပင်ကြီးများ၊ စိမ်းလန်း စိုပြည်လှတဲ့ ငှက်ပျောတောကြီးများ၊ လှပဝေဆာစွာ ဖူးပွင့်နေကြတဲ့ ပန်းမျိုးစုံများနဲ့လည်း လှပတင့်တယ်တယ်။ ဒါကြောင့် ယောဂီများနဲ့ ရောက်လာသူတိုင်း စိတ်နှလုံးကို ချမ်းမြေ့ဝေနိုင် အေးမြရွှင်လန်းစေ နိုင်ပါတယ်။

ဤကဲ့သို့ အပင်မျိုးစုံ ပန်းပေါင်းစုံ ခိုလှုံတဲ့ ဥယျာဉ်ကြီးရဲ့ အလယ်တွင် ကားပတ်လမ်းမကြီးရဲ့ ဝဲယာနှစ်ဖက်မှာ ခန့်ညား ထည်ဝါစွာ တည်ဆောက်ထားတဲ့ တိုက်ကျောင်းကြီးငယ် အသွယ် သွယ်များနဲ့ ရေတွင်းရေကန်များလည်း တည်ရှိတာဖြစ်လို့ စိတ် ကြည်နူးစရာ သိပ်ကောင်းပါတယ်။ ယောဂီများ တရားရှုမှတ်လို့

လည်း အဆင်ပြေပါတယ်။ ပြည်တွင်းပြည်ပ ရဟန်းရှင်လူ ယောဂီသူတော်စင်များရဲ့ အောင်မြေဆိုပါကလည်း မမှားပါ။ ခေတ်သစ်ဝေဠုဝန်ကျောင်းတော်ကြီးလို့ဆိုလည်း မှန်ပါတယ်။ ဒါနပွဲကြ သီလဆောက်တည်ကြသူများလည်း တဖွဲဖွဲပါပဲ။ ဒီလိုဂုဏ်ပေါင်းဝေဆာလှတဲ့ မှော်ဘီမြို့ ချမ်းမြေ့ရိပ်သာအတွင်းမှာ ချမ်းမြေ့စေရန် သတိပဋ္ဌာန်အကျင့်မှန်တို့ကို ကျင့်ကြံပွားများ ကြိုးစားအားထုတ်ကြတယ်ဆိုတော့ ယောဂီသူတော်စင်တို့အားလုံးဟာ ဒါနပါရမီ သီလပါရမီ ပညာပါရမီအပြင် နေက္ခမ္မပါရမီကိုလည်း ဖြည့်ကျင့်ဆည်းပူးရာရောက်တယ်လို့ ပြောနိုင်ပါတယ်။

**နေက္ခမ္မပါရမီ**

နေက္ခမ္မပါရမီဆိုတာ လောကီအာရုံ ကာမဂုဏ်ကိစ္စတွေကို စွန့်ခွာပြီး လူသူမနီးတဲ့ တောအုပ်ကြီးထဲမှာ ဒါန သီလ ဘာဝနာဆိုတဲ့ ကုသိုလ်တရားများကို ပြုလုပ်အားထုတ်နေတဲ့ အလုပ်မျိုးကိုခေါ်တယ်။

ဒီလို ပါရမီကောင်းမှုအစုစုတို့ကို ပြုစုဆည်းပူးနေကြတဲ့သူတော်စင်များကို အားပေးတဲ့အနေနဲ့ ဒီနေ့ "သတိယှဉ်မှ တရားမြင်" တရားတော်ကို ဟောကြားပေးပါ့မယ်။ ယောဂီတို့ ဘုန်းကြီးဘာတရားဟောမှာတဲ့လဲ။ "သတိယှဉ်မှ တရားမြင်" တရားတော်ပါဘုရား။

**ဝိပဿနာအလုပ်**

အခု ယောဂီအပေါင်း သူတော်ကောင်းတို့ ကြိုးစားအားထုတ်နေတဲ့ ဝိပဿနာအလုပ်ဆိုတာ အရှိသဘာဝ အမှန်သဘာဝကို

အရှိအတိုင်း အမှန်အတိုင်းသိဖို့ရာ ကြိုးစားအားထုတ်နေတဲ့အလုပ် ဖြစ်ပါတယ်။

အဲဒီ အရှိသဘာဝဆိုတာ ရုပ်နဲ့နာမ်တို့ရဲ့ ပေါ်ပေါ်ပြီး ပျောက်ပျောက်သွားလို့ မမြဲတဲ့အနိစ္စသဘော၊ ဖြစ်ပြီးတိုင်းပျောက်ပျောက်သွားလို့ မကောင်းတဲ့သဘော၊ ဖြစ်ပျက်မှုဖြင့် မပြတ်နှိပ်စက်နေလို့ ဆင်းရဲတဲ့ဒုက္ခသဘော၊ ပုဂ္ဂိုလ်သတ္တဝါ အတ္တမဟုတ်တဲ့ အနတ္တသဘော၊ ဒီ အနိစ္စ ဒုက္ခ အနတ္တ သဘောတရားသုံးမျိုးကို အရှိသဘာဝ အမှန်သဘာဝလို့ ခေါ်ပါတယ်။

ဒါကိုပဲ အဝိဇ္ဇာပိတ်ဖုံးတဲ့မျက်လုံးနဲ့ ကြည့်ပြီး "ငါပဲ သူပဲ ယောကျ်ား မိန်းမပဲ လူ နတ် ဗြဟ္မာပဲ ပုဂ္ဂိုလ်သတ္တဝါပဲ အတ္တကောင် ဝိညာဉ်ကောင် လိပ်ပြာကောင်ပဲ"လို့ ပြောနေကြတာပါ။ ဒီလိုပြောနေကြတာဟာ အရှိသဘာဝအတိုင်း ပြောတာလား၊ မရှိတာကိုပြောတာလား။ မရှိတာကို ပြောတာပါဘုရား။ အမှန်ကိုပြောတာလား၊ အမှားကိုပြောတာလား၊ အမှားကို ပြောတာပါဘုရား။ အမှန်သဘာဝ အရှိသဘာဝက ဘာများပါလဲ ယောဂီတို့။ ရုပ်တရား နာမ်တရားတို့ရဲ့ အနိစ္စ ဒုက္ခ အနတ္တသဘောတရားများပါဘုရား။

## လောက၏ အမြင်

ဒီလိုဆိုတော့ ယနေ့ လောကလူသားတွေ သိနေမြင်နေကြတာဟာ ရှိတာကို သိနေကြသလား၊ မရှိတာကို သိနေကြသလား။ မရှိတာကို သိနေကြတာပါဘုရား။

မှန်ပါတယ်၊ လောကလူသားများဟာ မမြဲတဲ့ ရုပ်နာမ်ခန္ဓာသခင်ရတွေကို မြဲတယ်လို့ သိမြင်နေကြတယ်။ ဆင်းရဲတဲ့ ရုပ်နာမ်ခန္ဓာသခင်ရတွေကို ချမ်းသာတယ်လို့ သိမြင်နေကြတယ်။ ပုဂ္ဂိုလ် သတ္တဝါ

အတ္တမဟုတ်တဲ့ ရုပ်နဲ့နာမ်ကို ပုဂ္ဂိုလ် သတ္တဝါ အတ္တလို့ သိမြင်နေကြတယ်။

လှပတင့်တယ် ရှုချင်ဖွယ်မဟုတ်တာကို လှပတင့်တယ် ရှုချင်ဖွယ်လို့ ထင်မြင်နေကြတယ်။ အနှစ်သာရမဟုတ်တာကို အနှစ်သာရလို့ ထင်မြင်နေကြတယ်။ သာယာစရာ ခင်မင်စွဲလမ်းစရာမဟုတ်တာကို သာယာစရာ ခင်မင်စွဲလမ်းစရာလို့ ထင်မြင်နေကြတယ်။ ဒီအသိ ဒီအမြင်အားလုံးဟာ အမှားသိ အမှားမြင်တွေချည်းပါပဲ။ ယခု ဒီသတိပဋ္ဌာန်ဝိပဿနာအလုပ်ဟာ အဲဒီအမှားသိ အမှားမြင်တွေ ကင်းစင်ပြီး အရှိသဘာဝ အမှန်သဘာဝကို အရှိအတိုင်း အမှန်အတိုင်း သိအောင် မြင်အောင် အားထုတ်တဲ့အလုပ် ဖြစ်ပါတယ်။

သတိပဋ္ဌာန်ဝိပဿနာဆိုတာ ဘာကိုသိအောင်လုပ်တဲ့အလုပ်လဲ ယောဂီတို့။

အရှိသဘာဝကို အရှိအတိုင်း သိအောင်မြင်အောင် အားထုတ်တဲ့ အလုပ်ပါ ဘုရား။ နောက်တစ်ချက်ကတော့။ အမှန်သဘာဝကို အမှန်အတိုင်း သိအောင်မြင်အောင် လုပ်တဲ့အလုပ်ပါဘုရား။

### ဘဏ္ဍာရေးဝန်ကြီးနဲ့ တူသောသတိ

ဒီလို သတိပဋ္ဌာန်ဝိပဿနာဉာဏ်နဲ့ အရှိသဘာဝ အမှန်သဘာဝကို မြင်အောင် သိအောင် အားထုတ်တဲ့အခါ အဲဒီ အမှန်တရား အရှိတရားကို သိဖို့ရန်ကိစ္စမှာ သတိရှိရန် သိပ်အရေးကြီးပါတယ်။ သတိရှိမှ အရှုခံအာရုံရဲ့ အရှိသဘာဝ အမှန်သဘာဝကို သိမြင်နိုင်ပါတယ်။

သတိဆိုတာ အာရုံကို ထင်ရှားအောင်ထုတ်ဖော်ပြီးပြတတ်တဲ့ သဘောရှိလို့ အဲဒီသတိကို ရှင်ဘုရင်ရဲ့ ဘဏ္ဍာရေးဝန်ကြီးနဲ့ တူကြောင်း ကျမ်းဂန်များမှာ ဖွင့်ပြပြောဆိုထားပါတယ်။

ဘဏ္ဍာရေးဝန်ကြီးနဲ့တူပုံက ဒီလိုပါ။ ရှင်ဘုရင်ဆိုတာ တိုင်းပြည် အုပ်ချုပ် မင်းလုပ်ပြီးနေရတဲ့ပုဂ္ဂိုလ်ဖြစ်တော့ အင်မတန်အလုပ်ရှုပ်တယ်။ တိုင်းရေးပြည်ရေးကိစ္စ၊ လူမှုရေး ဘာသာရေးကိစ္စ၊ ဟိုကိစ္စ ဒီကိစ္စ၊ ဟိုအရေး ဒီအလုပ်တွေ ရှုပ်ပွေပြီးနေတော့ ကိုယ့်မှာ ရှိတဲ့ စည်းစိမ်ဥစ္စာတောင် ဘယ်ရွေ့ဘယ်မျှရှိတယ်ဆိုတာ မသိနိုင်ပါဘူး။ တစ်ခါတလေ ညစာ မနက်စာ စားတော်တည်ဖို့ကိုတောင်မှ အချိန်မမှန်တတ်၊ မေ့နေတတ်သေးတယ်။ တိုင်းပြည်အုပ်ချုပ်ရတဲ့ ရှင်ဘုရင်ရဲ့ဘဝဟာလည်း မချမ်းသာလှဘူးနော်။

အဲဒီလို အလုပ်ရှုပ်နေတဲ့ ရှင်ဘုရင်ဟာ မိမိမှာရှိတဲ့ စည်းစိမ်ဥစ္စာ ရတနာကို ဘယ်သိနိုင်ပါ့မလဲ။ အဲဒီတော့ ဘဏ္ဍာရေးဝန်ကြီးဖြစ်သူက အရှင်မင်းမြတ်မှာ ရွှေပိဿာချိန်က ဘယ်နပိဿာရှိပါတယ်၊ ရွှေတိုက်က ဘယ်နတိုက်ရှိပါတယ်၊ ငွေပိဿာချိန်က ဘယ်နပိဿာရှိပါတယ်၊ ငွေတိုက်က ဘယ်နတိုက်ရှိပါတယ်။ ဆင် မြင်း ကျွဲ နွားက ဘယ်မျှရှိပါတယ်၊ ဆန်ရေစပါးက ဘယ်ရွေ့ရှိပါတယ် စသည်ဖြင့် စည်းစိမ်ဥစ္စာရတနာတွေကို ရှင်ဘုရင်အား တစ်နေ့ နှစ်ကြိမ် နေ့စဉ် ဖတ်ကြားတင်ပြရတယ်။

ဒီအခါကျမှ ရှင်ဘုရင်ကြီးဟာ "သြော်... ငါ့မှာ စည်းစိမ်ဥစ္စာ ရတနာတွေ ဒီလောက်ဒီလောက်ရှိပါလား" လို့ သိရှုရှာသတဲ့။ ဘဏ္ဍာရေးဝန်ကြီးသာ ဒီလိုဖတ်ကြားအစီရင်မခံရင် ရှင်ဘုရင်ဟာ သူ့စည်းစိမ်ကိုသူ ဘယ်ရွေ့ဘယ်မျှရှိတယ်လို့ မသိရှာပါ။

ဒီစကားရပ်မှာ ယောဂီများ သတိပြုဖို့က ရှင်တော်မြတ်ဘုရား ဟာ ဝိပဿနာပညာကို ရှင်ဘုရင်နဲ့နှိုင်းထားတယ်။ သတိကို ဘဏ္ဍာ ရေးဝန်ကြီးနဲ့ နှိုင်းထားတယ်။ စိန်ရွှေငွေ ရတနာကျောက်သံပတ္တမြား စတဲ့ စည်းစိမ်များကိုတော့ ဝိပဿနာရဲ့အစ္ဆံအာရုံဖြစ်တဲ့ ရုပ်နာမ် တွေနဲ့ နှိုင်းပြီးထားတယ်။ ဒါကို သတိပြုမိကြပါစေ။

### သတိဆို ပိုသည်မရှိ

ဒီသတိဟာ သိပ်အရေးကြီးလို့မို့ ရှင်တော်မြတ်ဘုရားက "ချစ် သားတို့... သတိဆိုတာ အရာရာမှာ လိုတယ်၊ သတိဆို ပိုသည်မရှိ ပါဘူး၊ လိုသည်သာရှိတယ်၊ ဒါကြောင့် သတိတရားနဲ့ အမြဲတစေနေ ကြပါ၊ သတိထားကြပါ" လို့ နေ့စဉ်အမြဲ ဟောဖော်ညွှန်ကြား မှာထား တော်မူခဲ့ပါတယ်။

ဘာကြောင့် ဒီလိုအရေးတကြီး နေ့စဉ်သတိပေးရသလဲဆိုရင် သံဃာတော်များ ရဟန်းတော်တွေရဲ့ အလိမ်အညာ အလှည့်အပတ်ကို ရဟန်းတော် များနှင့် သတ္တဝါအများ ခံစားကြရမှာကို သနားတော်မူလို့ ဖြစ်ပါ တယ်။ မှန်ပါတယ်၊ သတိမရှိရင်ဖြစ်စေ၊ သတိလစ်ခဲ့ရင်ဖြစ်စေ သံဃာရတရားတွေက သတ္တဝါတွေကို လိမ်ညာလှည့်ပတ်တော့တာ ပါပဲ။ ဒီလှည့်ကွက်ကို သတိမရှိသူတိုင်း ခံရစမြဲပါ။ အလိမ်အညာခံရ သူတိုင်း ဆင်းရဲကြရတာပဲ။ သံဃာရတရားအားလုံးတို့ဟာ အမှန် တကယ်က မမြဲပါဘူး။ မမြဲတဲ့အဲဒီသံဃာရတရားတွေက မြဲသယောင် ယောင် ဟန်ဆောင်ပြီး သတ္တဝါတွေကို လှည့်ပတ်တတ်ကြပါတယ်။ အမှန်တကယ်မချမ်းသာတဲ့ သံဃာရတရားတွေက ချမ်းသာယောင် ဟန်ဆောင်ပြီးလည်း သတ္တဝါတွေကို လှည့်ပတ်တတ်ကြပါတယ်။ လူနတ်ဗြဟ္မာသတ္တဝါ၊ အတ္တကောင် လိပ်ပြာကောင်မဟုတ်တဲ့ ဒီ

သစ်ရတနာရေးတွေက လူယောင် နတ်ယောင် ဗြဟ္မာယောင်၊ ပုဂ္ဂိုလ်ယောင် သတ္တဝါယောင် အတ္တကောင် လိပ်ပြာကောင်ယောင် ဆောင်ပြီးလည်း သတ္တဝါတွေကို လိမ်ညာလှည့်ပတ်တတ်ကြပါတယ်။

သာယာစရာ၊ စွဲလမ်းစရာမဟုတ်တဲ့ ဒီသစ်ရတနာရေးတွေကပဲ သာယာစရာ စွဲလမ်းစရာ အယောင်ဆောင်လို့လည်း လိမ်ညာလှည့်ပတ်တတ်ကြတယ်။ လှပတင့်တယ်ရှုချင်စဖွယ် အမှန်တကယ်မဟုတ်တဲ့ သစ်ရတနာရေးတွေကလည်း လှပတင့်တယ် ရှုချင်စဖွယ် အနေနဲ့ လိမ်ညာလှည့်ပတ်တတ်ကြပါတယ်။

ဒါကြောင့် ဒီသစ်ရတနာရေးတွေကို မျက်လှည့်ဆရာနဲ့ တူကြောင်း ကျမ်းဂန်မှာ မိန့်ဆိုထားပါတယ်။ မျက်လှည့်ဆရာဟာ ကြည့်ရှုသူလူအပေါင်းကို အမှားကို အမှန်ထင်အောင်၊ အမှန်ကို အမှားမြင်အောင်၊ မဟုတ်တာကို အဟုတ်ထင်အောင် အမျိုးမျိုး လှည့်စားနေသလို ဒီသစ်ရတနာရေးများကလည်း လောကသတ္တဝါတွေကို လှည့်စားနေကြတယ်။ ဒါကို သတိထားကြဖို့လိုပါတယ်။ သတိမထားကြရင် မထားသူတိုင်း ဒီသစ်ရတနာရေးတွေရဲ့ အလိမ်အညာ အလှည့်အပတ်ကို ခံကြရလို့ ဒုက္ခရောက်ကြရပါတယ်။ အပါယ်ငရဲကျကြရပါတယ်။ အိုလို့ နာလို့ သေလို့မဆုံး ဖြစ်ကြရပါတယ်။

## သတိမရှိကြလို့ သေကြရသူများ

ဇာတ်တော်လာ သတိမရှိလို့ သတိလစ်လို့ သေကြရ ဒုက္ခရောက်ကြပုံဖြစ်ရပ်တစ်ခုကို အကျဉ်းချုပ်မျှ ပြောပြပါဦးမယ်။

ဘုရားအလောင်းဟာ ဘဝတစ်ခုတုန်းက ဗာရာဏသီမြို့မှာ ရှင်ဘုရင်ရဲ့သား ဖြစ်ခဲ့တယ်။ ဖြစ်ရပြန်တော့လည်း သားတော်ပေါင်း

၁၀၀၀ အနက် အငယ်ဆုံးသားဖြစ်ရသတဲ့။ ဒီတော့ မိဘတို့နေရာ ဗာရာဏသီမြို့မှာ နေလို့ဖြစ်ငို့ ရှင်ဘုရင်မဖြစ်နိုင်ဘူး၊ တက္ကသိုလ်ပြည် ကို ရွှေ့ပြောင်းမှ ရှင်ဘုရင်ဖြစ်မယ်လို့ သိရတော့ ဘုရင်ဖြစ်လိုတဲ့ အလောင်းတော်ဟာ မိဘတွေကိုစွန့်ပြီး တက္ကသိုလ်ပြည်ကိုသွားရန် စိတ်ဆုံးဖြတ်လိုက်သတဲ့။

သွားခါနီး သူ့သူငယ်ချင်းများကို နှုတ်ဆက်ပြီး ဒီလို ဒီ အကြောင်း ပြောသတဲ့။ ပြောတဲ့အခါ သူငယ်ချင်းများကလည်း "အသင်မင်းသား သွားရင် တို့များ မနေရစ်လိုဘူး၊ လိုက်လိုကြောင်း" ပြောကြသတဲ့။ ဒါနဲ့ အလောင်းတော်က "ကောင်းပြီ၊ ဒီလိုဆို သွား ကြတာပေါ့၊ သွားတဲ့အခါမှာတော့ ပေါ့ပေါ့ဆဆနဲ့ လိုက်လို့မဖြစ်ဘူး၊ သတိရှိကြရမယ်၊ လမ်းခရီးမှာ တောတောင်ကလဲ ထူထပ်တယ်၊ ဘီလူးအန္တရာယ်တွေကလဲ များတယ်၊ အစာရေစာလဲ ရှားပါးတယ်၊ ဒါကို ဂရုစိုက်ကြရမယ်"လို့ သတိပေးတယ်။

ဒီလိုသတိပေးတော့ ဂရုတစိုက်လိုက်ပါ့မယ်၊ သတိထားလိုက် ပါ့မယ်လို့ ကတိဝန်ခံချက်ပေးကြသတဲ့။ ကတိပေးလို့မှ အစမှာ သူငယ်ချင်းခြောက်ယောက် သတိကြီးစွာနဲ့ အတူတကွခရီးထွက်ခဲ့ ကြသတဲ့။ ခရီးထွက်လို့ တောထဲရောက်တယ်ဆိုရင်ပဲ ဘီလူးမတွေ က နှစ်သက်ဖွယ်အာရုံငါးပါးနဲ့ ဖြားယောင်းလိုက်တာ တစ်ယောက်ပြီး တစ်ယောက် သတိလစ်ပြီး ကာမဂုဏ်အာရုံကြောမှာ မျောကုန်ကြ သတဲ့။ သတိလစ်သွားသည်နှင့်တစ်ပြိုင်နက် ဘီလူးတွေက ဝိုင်းစား လိုက်တာ မင်းသားငါးယောက်ဟာ ဘီလူးစာဖြစ်ခဲ့ပါတယ်။ သတိ ရှိတဲ့ ဘုရားအလောင်းတစ်ဦးပဲ ဘီလူးဘေးက လွတ်ပြီး တက္ကသိုလ် ပြည် ရောက်လို့ ဘုရင်ဖြစ်ခဲ့ရသတဲ့။

### တောင်ဖီလာဆရာတော်၏ ဩဝါဒ

ဒါကြောင့် တောင်ဖီလာဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း မှာကြားတော်မူခဲ့ပါတယ်။

"သတိဆိုတာမျိုးဟာ နှစ်သက်ဖွယ် ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့ကို ကြုံတွေ့တဲ့အခါမှာဖြစ်စေ၊ ကြောက်လန့်ဖွယ် သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့ကို ကြုံတွေ့တဲ့အခါမှာဖြစ်စေ၊ အမျက်ထွက်စရာအကြောင်း စိုးရိမ်စရာအကြောင်းနှင့် ကြုံတွေ့လာတဲ့အခါမှာဖြစ်စေ၊ ဆင်းရဲကိုမတွေ့ဖူးတဲ့သူဟာ ဆင်းရဲကို ရုတ်တရက် တွေ့ကြုံဆုံစည်းလိုက်ရတဲ့အခါမှာဖြစ်စေ အလွန်ချုပ်တည်းနိုင်ခဲပါတယ်။

အဲဒီအခါမျိုးမှာ အကြောင်းအကျိုးကို မျှော်ရှု၍ သတိသမ္ပဇဉ်နဲ့ ချုပ်တည်းရတယ်။ အောင့်အည်းချုပ်တည်းသင့်တဲ့အရာမှာ မချုပ်တည်း မအောင့်အည်းနိုင်ခဲ့ရင် အပြစ်ကြီးစွာရောက်ရတယ်။ ချုပ်တည်း အောင့်အည်းနိုင်ရင်တော့ ကြီးမားတဲ့အကျိုးတရားများ ရရှိပါတယ်"လို့ မှာကြားတော်မူခဲ့ပါတယ်။

### နေရာတိုင်းမှာ သတိထားဖို့ရာ

မျက်မြင်လောကထဲမှာလည်း ကားနဲ့သွား ကားပေါ်မှာ "သတိ ခေါင်းငုံ့ဆင်းပါ၊ ခါးပိုက်နှိုက်သတိပြု"ဆိုတဲ့ သတိပေးမှုစာတန်းငယ်များ၊ ရထားနဲ့သွားလည်း ရထားပေါ်မှာ၊ လေယာဉ်နဲ့သွားလည်း လေယာဉ်ပေါ်မှာ "သတိ အချက်ပြမီး မငြိမ်းမီ ဆေးလိပ်မသောက်ရ" ဆိုတဲ့ သတိပေးစာတန်းငယ်များ၊ မြို့ထဲ ရပ်ထဲ သွားတော့လည်း "သတိ မီးဘေးရှောင် မလောင်ခင်က တား၊ သတိ ခွေးကိုက်တတ်သည်" စတဲ့ သတိပေးမှုများကို တွေ့ရတတ်ပါတယ်။ ဒီသတိပေးမှု

အားလုံးဟာ သတိလွတ်ကင်း ပြုလုပ်ပြောဆိုမိပါက ဖြစ်မယ့် အန္တရာယ် ပေါ်မယ့်ဘေး ကျရောက်မယ့်ဆင်းရဲများ မဖြစ်ပေါ် မကျ ရောက်ရလေအောင် သတိပေးခြင်းများ ဖြစ်ပါတယ်။ သတိရှိရင် ဆိုခဲ့တဲ့ ဘေးအန္တရာယ်များ မဖြစ်တော့ပါဘူး။ နောက်ဆုံး ခွေးကိုက် မခံရဖို့အရေးတောင်မှ သတိရှိဖို့ လိုအပ်ပါတယ်။

ယောဂီများအဖို့ ပိုပြီးအရေးကြီးသည်

ယောဂီတို့လို သတိပဋ္ဌာန်တရား ရှုမှတ်ပွားများတဲ့ သူတော်စင် တစ်ယောက်အနေနဲ့ ခုပြောနေတဲ့သတိမျိုးဟာ ပိုပြီးအရေးကြီးတာ ပေ့ါ။ ယောဂီတို့တစ်တွေ ဝိပဿနာတရား ရှုမှတ်ပွားများတဲ့အခါ ရှုကွင်းရှုကွက်ထဲမှာ ဒါရုပ် ဒါနာမ်၊ ဒီရုပ်နာမ်တရားတွေဟာ မမြဲတဲ့ သဘောပဲ၊ ဆင်းရဲတဲ့သဘောပဲ၊ ပုဂ္ဂိုလ် သတ္တဝါ အတ္တမဟုတ်တဲ့ အနတ္တသဘောပဲလို့ အရှိသဘာဝကိုအရှိသဘာဝအတိုင်း ဝိပဿနာ ဉာဏ်က ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား မြင်ခွင့်သိခွင့်ရ အောင်ဆိုတာ အစပြောခဲ့တဲ့ သတိရှိမှဖြစ်တယ်။ သတိယှဉ်မှ မြင်နိုင်တယ်၊ သတိမရှိရင် မမြင်နိုင်ပါ။ သတိက သရုပ်ဖော်ပေးမှ ဝိပဿနာဉာဏ်က ရုပ်နာမ်အရှိကို သိနိုင်မြင်နိုင်တယ်။ သတိမရှိဘဲ လိုချင်စိတ်၊ တပ်မက်စိတ်တွေ ဖြစ်နေမယ်၊ စိတ်ဆိုးစိတ် စိတ်ညစ် စိတ် ဖြစ်နေမယ်၊ အိပ်ငိုက်စိတ်ဖြစ်နေမယ်၊ ယုံမှားသံသယစိတ်တွေ ဖြစ်နေမယ်၊ ဟိုစဉ်းစား ဒီစဉ်းစား စဉ်းစားပြီးနေမယ်။ စိတ်က ဈေး ရောက် မြို့ထဲရောက် အိမ်ရောက် ရောက်နေမယ်၊ တောင်စဉ်ရေမရ တွေးတောကြံစည်နေမယ်ဆိုရင် အရှိသဘာဝဖြစ်တဲ့ ရုပ်နဲ့နာမ်ကို သိနိုင်ပါ့မလား။ မသိနိုင်ပါဘုရား။ ဝမ်းဗိုက်ဖောင်းတာကိုရော ဖောင်း တယ်လို့ သိပါ့မလား၊ ပိန်ရင်ကော ပိန်တယ်လို့ သိပါ့မလား။ မသိပါ

ဘုရား။ ပူမှု အေးမှုစတဲ့ အခြားတရားသဘောတွေ ပေါ်နေတော့ ကော သိပ့်မလား။ မသိပါဘုရား။

ဖောင်းမှုပိန်မှု စတဲ့ အာရုံကတော့ စဏ္ဍာန်မလပ်ရှိနေပါတယ်။ ဖောင်းရွေ့သဘောနဲ့ ပိန်ရွေ့သဘောက အမြဲရှိပင်ရှိငြားသော်လည်း အဲဒီဖောင်းရွေ့သဘော ပိန်ရွေ့သဘောကို ဝိပဿနာဉာဏ်က သိရဲ့ လား။ မသိပါဘုရား။ ဘာကြောင့်မသိနိုင်သလဲ ယောဂီတို့။ သတိမရှိ လို့ပါ ဘုရား။

## သတိယှဉ်လို့ တရားမြင်

ဒါကြောင့် သတိယှဉ်မှ တရားကိုမြင်နိုင်တယ်။ သတိမယှဉ်ရင် တော့ တရားကို မမြင်နိုင်ပါဘူး။ သတိနဲ့သာ ဖောင်းမှုပိန်မှုကို စူးစိုက် ပြီး ရှုမှတ်ပြီဆိုရင်တော့ တရွေ့ရွေ့နဲ့ ဖောင်းကြွလာတဲ့ ဖောင်းရွေ့ သဘော၊ တရွေ့ရွေ့နဲ့ ပိန်ကျသွားတဲ့ ပိန်ရွေ့သဘောကို သိမြင်လာ မှာ သေချာပါတယ်။ သတိအားကောင်းရင် အားကောင်းသလောက် အရှုံ့အာရုံဟာ ထင်ရှားစွာပေါ်လာပါတယ်။

စင်္ကြံလျှောက်ရှုမှတ်တဲ့အခါမှာလည်း ဒီလိုပါပဲ၊ သတိမယှဉ် ဘူးသာ ဆိုလို့ရှိရင် ကြွတယ် လှမ်းတယ် ချတယ်စသည်ဖြင့် ဘယ် လိုပင် ရှုနေလည်းပဲ စိတ်အဆိုပဲဖြစ်မယ်၊ ရွေ့လျားမှုသဘောကို တော့ မသိနိုင်ပါဘူး၊ မှန်ရဲ့လား ယောဂီတို့။ မှန်ပါတယ်ဘုရား။

ခုယောဂီတို့ ဝိပဿနာရှုတာဟာ ဘာရည်ရွယ်ချက်နဲ့ ရှုနေပါ သလဲလို့ မေးခဲ့ရင် ဘယ်လိုဖြေမလဲ ယောဂီတို့။ အရှုံနာမ်ရုပ်တို့ရဲ့ သဘောကိုသိအောင် ရည်ရွယ်ချက်နဲ့ ရှုမှတ်နေပါတယ်ဘုရား။

မှန်ပါတယ်၊ အရှုံရုပ် အရှုံနာမ်တို့ရဲ့ မမြဲခြင်း အနိစ္စ ဆင်းရဲ ခြင်း ဒုက္ခ ပုဂ္ဂိုလ် သတ္တဝါ အတ္တမဟုတ်ခြင်း အနတ္တဆိုတဲ့သဘော

များကို သိအောင်ရှုမှတ်ရတာ ဖြစ်ပါတယ်။ စိတ်အဆိုစကားလုံးကို ရှုတာမဟုတ်ပါဘူး။ စကားလုံးဟာ အခေါ်အဝေါ်ပညတ်မျှ ဖြစ်ပါတယ်။ အရိုပရမတ်ရှုရမယ့်သဘော မဟုတ်ပါဘူး။

နောက်တစ်ခုက ဝိပဿနာအားထုတ်ခြင်းဟာ စိတ်တည်ငြိမ်ရုံသက်သက် ရှုမှတ်ရတာလည်း မဟုတ်ပါဘူး။ ခံစားမှုကောင်းကောင်းတွေကို ခံစားရဖို့ ရှုမှတ်ရတာလည်း မဟုတ်ပါဘူး။ အရှုခံရုပ်နာမ်တရားတို့ရဲ့သဘောကိုသိဖို့ ရှုမှတ်ရတာဖြစ်ပါတယ်။

စကြံလျှောက်ရှုမှတ်ရင် စကြံလျှောက်ခိုက်မှာ ဖြစ်ပေါ်တဲ့ ရုပ်နာမ်သဘော၊ ထိုင်ရှုမှတ်ရင် ထိုင်ခိုက်မှာဖြစ်ပေါ်နေတဲ့ ရုပ်နာမ်သဘော၊ အသေးစိတ်ပြုခိုက်မှာ ရှုမှတ်ရင်လည်း အသေးစိတ်ပြုခိုက်ဖြစ်ပေါ်တဲ့ ရုပ်နာမ်သဘောမျှကို သိအောင်ရှုမှတ်ရတာ ဖြစ်ကြောင်း ယောဂီတိုင်း သဘောပေါက်ထားဖို့ လိုအပ်ပါတယ်။

ဒါကြောင့် ဘာကိုပဲရှုမှတ်ရှုမှတ်၊ ရှုမှတ်မှုအားအပြည့်နဲ့ ရှုမှတ်ကြပါ။ ရှုမှတ်ရင်း ရုပ်နာမ်တို့ရဲ့ သဘာဝလက္ခဏာနှင့် သာမညလက္ခဏာတို့ကို သိမြင်လာပါလိမ့်မယ်။ ဆက်လက်ကြိုးစားရှုမှတ်မယ်ဆိုပါက ဝိပဿနာဉာဏ်အဆင့်ဆင့်နဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုပါ ရနိုင်မြင်နိုင်ပါတယ်။ ဘာကြောင့် ရနိုင်မြင်နိုင်သလဲ မေးခဲ့ရင်၊ သတိယှဉ်လို့ပါဘုရား။ မှန်ပါတယ်၊ သတိရှိလာတဲ့ပုဂ္ဂိုလ်များမှာတော့ လောကကြီးတစ်ခုလုံးက ပြုံးနေတဲ့တရားကို မြင်ကြပါတယ်။

## လောကကြီးက တရားပြ

လောကဆိုတာ သက်မဲ့လောကနဲ့ သက်ရှိလောကလို့ နှစ်မျိုးရှိတယ်။ သက်မဲ့လောကဆိုတာ သစ်ပင် ဝါးပင် တောတောင် ရေမြေ မိုးကောင်းကင် စသည်များကို ဆိုလိုပါတယ်။ သက်ရှိလောကဆိုတာကတော့ လူနတ်ပြဟ္မာ သတ္တဝါတွေကို ဆိုလိုတယ်။ သတိရှိတဲ့ ပုဂ္ဂိုလ်ကို အဲဒီသက်မဲ့လောက သက်ရှိလောက ဒီနှစ်ခုလုံးက တရားပြပြီးတော့ နေတယ်။ တရားဟောပြီး နေတယ်။ သတိယှဉ်နေတော့ လောကကြီးက ဟောတဲ့ ဒီတရားကို ကြားတယ်။ သတိယှဉ်နေတော့ လောကကြီးကပြတဲ့တရားကို မြင်တာပေါ့။ သတိမယှဉ်ရင်တော့ ဘယ်မြင်ပါ့မလဲ။

သက်မဲ့လောက က ဘယ်လိုတရားပြပြီး နေသလဲဆိုရင် ယခုလို တပေါင်း တန်ခူးမှာ ပိုပြီးတော့ တရားမြင်စရာ တရားကျစရာကောင်းတာပေါ့။ မြောက်လေကလေးက တဖြူးဖြူးတိုက်၊ နွေရာသီဖြစ်လို့ ရာသီဥတုကလည်း သိပ်ပူပြင်းတော့ သစ်ရွက်ကလေးတွေဟာ အညာရင်းမှာ ရေငွေ့ခန်းခြောက်လာပြီး မြေတလင်းမှာ တဖွတ်ဖွတ်နဲ့ ကြွေဆင်းနေကြတယ်။

အဲဒီကြွေကျနေတဲ့ သစ်ရွက်ကလေးတွေကသည်ပင် ဒီကနေ့လောကလူသားများကို တရားပြပြီး နေတယ်။ ဒါကိုတော့ သတိရှိတဲ့သူမှ မြင်တယ်ပေါ့၊ သတိမရှိတဲ့သူကတော့ မမြင်ပါ။ သတိမရှိရင်တော့ ဘယ်လိုတောင်ဖြစ်တတ်သလဲဆိုရင် "ဒီသစ်ရွက်တွေနယ် ကြွေ ကြွေနိုင်လွန်းတယ်၊ ခုနကမှ တံမြက်စည်းလှည်းထားတယ်၊ အခုရှုပ်ပွေနေပြန်ပြီ" ဆိုပြီး စိတ်ဆိုးစိတ်ပျက်တဲ့သဘောတွေတောင် ဖြစ်တတ်ပါသေးတယ်။ ဒီလိုပုဂ္ဂိုလ်အတွက် လောကကြီးကပြတဲ့

တရားကို မမြင်နိုင်ပါ။ ညဏ်နဲ့ စဉ်းစားဆင်ခြင်ကြည့်ရင် အမှန်မှာ ဒီသစ်ရွက်လေးတွေဟာ ဟိုလွန်ခဲ့တဲ့ ကဆုန် နယုန် မိုးလေးတစ်ပြိုက်နှစ်ပြိုက်ကျခါစအချိန်ဆိုရင် အမိသစ်ပင်ကြီးပေါ်မှာ နီနီထွေးထွေးလေးတွေ ဖူးလို့ညွှန့်လို့ လှပတင့်တယ်နေခဲ့ကြမယ်။

အဲဒီလိုနဲ့ အဆက်မပြတ် မိုးရွာလာတဲ့ ဝါဆို ဝါခေါင်ကျတော့ သစ်ရွက်ကလေးများဟာ စိမ်းလန်းစိုပြည်လာပြီး ညို့ညို့မှိုင်းမှိုင်း အုံ့အုံ့ဆိုင်းဆိုင်းနဲ့ လောကတစ်ခုလုံးကို အလှတန်ဆာဆင်ထားသလို အစွမ်းကုန်လှပတင့်တယ်နေခဲ့ကြမယ်။ အဲဒီလို လှပခဲ့ကြတဲ့ သစ်ရွက်တွေဟာ ယခုလို တပေါင်း တန်ခူးရောက်တဲ့အခါကျတော့ နွေရဲ့ နေရှိန်ဒဏ်ကို မခံနိုင်တော့ဘဲ အညှာရင်းမှာ ရေငွေ့တွေ ခန်းခြောက်လို့ အမိပင်စည်ကြီးကိုစွန့်ခွာပြီး မြေတလင်းမှာ တဖွတ်ဖွတ်နဲ့ ကြွေဆင်းနေကြတာပဲ။ ခုလိုသစ်ရွက်များကြွေကျနေတာဟာ မမြဲလို့ပါလား၊ အနိစ္စပါတကား၊ အနိစ္စပါတကားလို့ ဒီလို သံဝေဂယူရ၊ တရားကျရမှာပါ။

## နတ်တမန်သုံးဦး

အခုလို သက်မဲ့လောကကြီးက လူသားများကို တရားပြပြီးတော့ နေသလို သက်ရှိလောကကြီးကလည်း တရားပြပြီး နေပါတယ်။ ဘယ်လိုများတရားပြနေသ လဲဆိုရင် သက်ရှိလောကလို့ခေါ်တဲ့ လူနတ်ပြဟ္မာ သတ္တဝါတွေဟာ အိုခြင်းဆင်းရဲ နာခြင်းဆင်းရဲ သေခြင်းဆင်းရဲနဲ့ မကင်းကြသေးပါဘူး။ မကင်းကြသေးလို့ အို နာ သေကြမယ့် သတ္တဝါတွေချည်းပါပဲ။

အိုခြင်းမကင်းသေးတဲ့အတွက် အိုနေတဲ့သူကို သူအိုလို့ ခေါ်တယ်။ နာခြင်းမကင်းသေးတဲ့အတွက် နာနေတဲ့သူကို သူနာလို့ခေါ်

တယ်။ သေခြင်းမကင်းသေးသည့်အတွက် သေနေတဲ့သူကို သူသေလို့ ခေါ်တယ်။

သတ္တလောကကြီးထဲမှာရှိတဲ့ အဲဒီ သူအို သူနာ သူသေတွေကလည်းပဲ ယနေ့ သူတော်စင်တို့ကို တရားပြ တရားဟောပြီးနေတယ်။ အဲဒီ သူအို သူနာ သူသေများကို "ဒေဝဒူတ" လို့ ကျမ်းဂန်များမှာ ဆိုတယ်။ ဒေဝဆိုတာ နတ်၊ ဒူတဆိုတာက တမန်၊ "ဒေဝဒူတ-နတ်တို့ရဲ့တမန်တော်များ" လို့ အဓိပ္ပာယ်ရပါတယ်။ တင်စားထားတဲ့ စကားတစ်လုံးပါပဲ။

ဒေဝဆိုတာဟာ (၁) သမ္မုတိနတ်၊ (၂) ဥပပတ္တိနတ်၊ (၃) ဝိသုဒ္ဓိနတ်လို့ သုံးမျိုးရှိတယ်။

(၁)သမ္မုတိနတ်ဆိုတာ လောက က သမုတ်ထားတဲ့ လူအများ ပြောနေကြတဲ့ စကြဝတေးမင်း၊ ပဒေသရာဇ်မင်း၊ ကေရာဇ်မင်း၊ တရားနဲ့အညီ မင်းပြုတဲ့မင်းတွေကို ခေါ်တယ်။

(၂) ဥပပတ္တိနတ်ဆိုတာက နတ်ပြည် ဗြဟ္မာ့ပြည်မှာ ရှိတဲ့ နတ်ဗြဟ္မာတွေကို ခေါ်တယ်။

(၃) ဝိသုဒ္ဓိနတ် ဆိုတာကတော့ ကိလေသာအညစ်အကြေးကင်းစင်ဝေးပြီး စိတ်နှလုံးအေးမြတော်မူကြတဲ့ ဘုရားရဟန္တာတွေကို ခေါ်ပါတယ်။

အခုပြောခဲ့တဲ့ နတ်သုံးမျိုးကနေပြီး တမန်တော်အဖြစ် သူအို သူနာ သူသေများကို လောကအလယ်မှာ လွှတ်ထားပါတယ်။ လွှတ်ထားခြင်းရဲ့ရည်ရွယ်ချက်ကတော့ ဒီတမန်တွေကိုမြင်ရပြီး လောကလူသားတွေ ဓမ္မသံဝေဂဖြစ်ပွားလို့ ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ်တရားတွေကို ပွားများအားထုတ်နိုင်ကြပါစေ၊ ပွား

များ အားထုတ်နိုင်ကြလို့ လာမယ့်ဘဝတွေမှာ ကောင်းရာသုဂတိ ရောက်ကြပါစေ၊ ဘဝသံသရာတွင် ချမ်းချမ်းသာသာနဲ့ လျှောက် လှမ်းနိုင်ကြပါစေ၊ ဘဝဝဋ်က လွတ်ကြပါစေ၊ အိုဘေး နာဘေး သေ ဘေးတို့က လျင်မြန်စွာကင်းဝေးကြပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ လွှတ်ထားတာဖြစ်ပါတယ်။ လောကလူသားတွေ ကုသိုလ်ပြုကြဖို့ နှိုးဆော်ရန် တိုက်တွန်းရန် သတိပေးရန် လွှတ်ထားတဲ့ပုဂ္ဂိုလ်တွေ ပေါ့။ ဒါကို "ဒေဝဒူတ" နတ်တမန်လို့ ခေါ်ပါတယ်။

အဲဒီ ဒေဝဒူတ (နတ်တမန်) ကို ဥပရိပဏ္ဏာသပါဠိတော် ဒေဝ ဒူတသုတ်မှာတော့ ကလေးနဲ့ထောင်အကျဉ်းသားပါ ထည့်ပြီး သူအို သူနာ သူသေ ထောင်အကျဉ်းသမားနဲ့ ကလေးရယ်လို့ ဒေဝဒူတ ငါးဦးရှိကြောင်း ဟောထားပါတယ်။ အင်္ဂုတ္တိုရ်ဒေဝဒူတသုတ်မှာ တော့ သူအို သူနာ သူသေလို့ သုံးဦးပဲ ဟောထားတယ်။ ဒီနေ့တော့ အင်္ဂုတ္တိုရ် ဒေဝဒူတသုတ်မှာ ဟောခဲ့တဲ့ သူအို သူနာ သူသေ ဆိုတဲ့ နတ်တမန်သုံးဦးကိုပဲ ဟောပြပါမယ်၊ ဘာကြောင့်လဲမေးရင် ယောဂီ များနှင့် သင့်လျော်သည့်အတွက် ဖြစ်ပါတယ်။ အခုပြောခဲ့တဲ့ နတ် တမန်သုံးဦးဟာ အမြဲတမ်း လောကကြီးထဲမှာ လှည့်လည်ပြီးတော့ တရားဖဟော တရားပြုပြီး နှိုးဆော်တိုက်တွန်းနေကြပါတယ်။

## သူအိုကြီးက ဟောတဲ့တရား

လောကထဲမှာ သူတော်စင်တို့ သွားလာလှုပ်ရှားကြည့်ရှုတဲ့ အခါ သူအိုဆိုတာကို မြင်ဖူးကြပါလိမ့်မယ်။ အသက်အရွယ်အနေနဲ့ ကိုးဆယ်ကျော် တစ်ရာနီးပါးရှိပြီး ဆံပင်တွေကဖြူ သွားတွေက ကျိုး နားကလည်းထိုင်း ခါးကလည်းကိုင်း အသားအရေတွေက ရည်းတွန့် မှဲ့ဖြူမှဲ့မည်းတွေ စွဲလို့ ကိုယ့်အရိုးကိုယ်မှ မနိုင်တဲ့အဘိုး

အဘွားတွေ၊ သူများထူမှ ထနိုင် သူများသိပ်မှ အိပ်နိုင်ကြတဲ့ အဘိုးအဘွားတွေ၊ တောင်ဝှေးလေးအဖော်ပြုလို့ ဟိုယိမ်းဒီယိုင်နဲ့ သွားလာနေကြတဲ့ အဘိုးအဘွားတွေ၊ တုန်တုန်ရီရီနဲ့ သွားနေကြရတဲ့ အဘိုးတွေ အဘွားတွေကို သူအိုလို့ ခေါ်တယ်။ အဲဒီသူအိုကြီးတွေက တောင်ဝှေးလေး ထောက်ကာထောက်ကာနဲ့ သတ္တဝါတွေကို လှည့်လည်တရားပြပြီးတော့နေတယ်။ ဘယ်လိုတရားပြနေသလဲဆိုရင် -

*သူအိုကြီးက မြတ်ဓမ္မ ဟောပြတွေ့တိုင်းသာ၊*
*ငါအိုသလိုပဲ သင်တို့လည်း အိုမြဲဓမ္မတာ၊*
*မအိုခင်က ကုသလ ပြုကြဖန်ခါခါ*
*အိုဘေးလွတ်ရေး မျှော်ထောက်တွေး မနေးကျင့်ကြပါ။*

ဒီသူအိုကြီးဆိုလိုတဲ့အဓိပ္ပာယ်က သင်တို့တစ်တွေ ယခုအချိန်ဘယ်လောက်ပဲ ပျိုမျစ်နုနယ် တင့်တယ်လှပနေပေမယ့်လည်း တစ်နေ့တစ်ချိန်တော့ ငါ့လိုပဲ အိုကြရမယ်၊ ငါ့လိုအိုမှ ဒါနကုသိုလ်ပြုမယ်၊ သီလကုသိုလ် ဆောက်တည်မယ်၊ ဘုရားအာရုံပြုမယ်၊ မေတ္တာပွားမယ်၊ တရားအားထုတ်မယ်လို့ စိတ်ကူးမလွဲကြနဲ့။ တကယ်တော့ အိုလာပြီဆိုမှဖြင့် ဒါနလည်းပဲ စိတ်တိုင်းကျမပြုနိုင်တော့ဘူး။ သီလလည်း မဆောက်တည်နိုင်တော့ဘူး။ အထူးအားဖြင့်တော့ အားအင်ကယိုယွင်း သတိတွေကလစ်လာတာဖြစ်လို့ ဝိပဿနာတရားကျင့်ကြံပွားများ ကြိုးစားအားထုတ်နိုင်ဖို့ဆိုတာ မတွေးရဲအောင် ဖြစ်ရတယ်။

ဒါကြောင့် ငါ့လို အိုခြင်းတရားမနှိပ်စက်မီ အရွယ်ကောင်းခိုက်ဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်အားထုတ်ကြ

ပါ။ ဒီအိုခြင်းသဘောဟာ ရှုမုန်းစရာ စက်ဆုပ်စရာ နလုံးနာစရာသိပ် ကောင်းပါတယ်။ အဲဒီလို ရှုမုန်းစရာ စက်ဆုတ်စရာ နလုံးနာစရာ ကောင်းတဲ့ အိုခြင်းတရားနဲ့ ရင်မဆိုင်ချင်ဘူး၊ မတွေ့မကြုံချင်ဘူးဆို လို့ရှိရင် သူတော်ကောင်းတို့ ဒါန သီလ ဘာဝနာဆိုတဲ့ ကုသိုလ် ကောင်းမှုတွေကို ပြုကြပါ။ မိမိပြုထားတဲ့ အဲဒီ ဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှုတွေကသာလျှင် မိမိကိုယ်ကို အိုခြင်းသဘောက လွတ်မြောက်အောင် ထောက်ပံ့နိုင် ကူညီနိုင် ကျေးဇူးပြုနိုင်ပါတယ်။

ကုသိုလ်တရားမှတစ်ပါး အခြား ဘယ်သား ဘယ်သမီး ဘယ် ဇနီး ဘယ်ခင်ပွန်းကမှ မအိုအောင် မကာယ်နိုင်ဘူး။ ဘယ်မိဘ ဘယ် ဆွေမျိုးကမှလည်း မကာယ်နိုင်ပါဘူး။ ဘယ်လိုစည်းစိမ်ဥစ္စာရတနာ မျိုးကမှလည်း မကာယ်နိုင်ပါဘူး။ ပြီးတော့ ဒီအိုခြင်းဘေးက လွတ်တဲ့ နေရာဆိုတာကလည်း လောကထဲမှာ မရှိပါဘူး။ ဘယ်အရပ်မှာ နေ နေ အိုရိုန်ကျ အိုမှာပဲ၊ တောင်ထိပ်ပေါ်တက်နေလည်း အိုမှာပဲ၊ တောင်ခေါင်းထဲ ဝင်အောင်းနေလည်း အိုမှာပဲ၊ မြေအောက်နေရင် လည်း အိုမှာပဲ၊ ပင်လယ်ထဲ ဆင်းနေလည်း အိုမှာပဲ၊ ကောင်းကင် တက်နေလည်း အိုမှာပဲ။ အိုဘေးက လွတ်မြောက်ချင်ရင်တော့ ဒါန သီလ ဘာဝနာဆိုတဲ့ ကုသိုလ်တရားတွေကိုသာ ပြုလုပ်အားထုတ် ကြပါ။

မှန်ပါတယ်။ ဒါနပြု ပြုတဲ့အခါ ဒီဒါနကြောင့် နိဗ္ဗာန်ရောက်ပါရ စေဟု နိဗ္ဗာန်ကိုရည်သန်ပြီး လှူပါက အဲဒီဒါနသည် အိုခြင်းတရားက လွတ်မြောက်အောင် ထောက်ပံ့ကူညီပါတယ်။ သီလစောင့်ထိန်း၊ စောင့်ထိန်းတဲ့သီလကလည်း နိဗ္ဗာန်ရောက်အောင် ထောက်ပံ့နိုင်ပါ တယ်။ ဘာဝနာပွား၊ ပွားများမှု ဘာဝနာတရားကလည်း အိုဘေးက

လွတ်မြောက်စေနိုင်ပါတယ်။ ဒါကြောင့် အိုဘေးကလွတ်ကြောင်း ဖြစ်တဲ့ ကုသိုလ်ကောင်းမှုကိုသာ ကြိုးစားပြုလုပ်အားထုတ်ကြပါလို့ သူအိုကြီးက သူနဲ့တွေ့တဲ့ ပုဂ္ဂိုလ်တိုင်းကို တရားဟော တရားပြပြီးတော့ နေပါတယ်။

သူအိုကြီးပြတဲ့ ဒီတရားကို သတိရှိတဲ့ပုဂ္ဂိုလ်တိုင်း၊ သတိယှဉ်တဲ့ သူတော်စင်တိုင်း ကြားရတယ်။ သတိရှိတဲ့ သူတောင်ကောင်းတိုင်း မြင်ရတယ်။ အဲဒီလို ကြားရမြင်ရလို့မို့ "သြော်... သူလိုတစ်ချိန် ငါလည်းအိုရမှာပဲ၊ မအိုမီ ကုသိုလ်ကောင်းမှုတွေ များများစွာပြုမှ တော်မယ်"လို့ သတိသံဝေဂဖြစ်ပြီး ကုသိုလ်တရားတွေကို ပြုလုပ်အားထုတ်ကြတယ်။ အားထုတ်ကြတဲ့အတိုင်း အိုခြင်းဘေးက လွတ်မြောက်သွားကြတဲ့ သူတော်စင်တွေ ရှေးက များစွာရှိခဲ့ကြပါတယ်။

သတိမရှိတဲ့ပုဂ္ဂိုလ်များကျတော့ သူအိုကိုမြင်လိုက်ရင်ပဲ လန့်သလိုလို ကြောက်သလိုလို စက်ဆုပ်သလိုလို မယှဉ်ချင် မကပ်ချင်သလိုလို အဖက်လုပ်ပြီး စကားမပြောချင်သလိုလိုဖြစ်နေကြတယ်။ ဒီလိုဆိုတော့ သူတို့အဖို့ သူအိုကြီးကို မြင်တိုင်းကြားတိုင်း သံဝေဂမဖြစ်တဲ့အပြင် အကုသိုလ်တွေပဲ ဖြစ်ပွားနေတယ်။

ဒါကြောင့် "သတိယှဉ်မှ တရားမြင်" တဲ့၊ လောကဆိုရိုးကတော့ "သတိမမူ ဂူမမြင်၊ သတိမူတော့ မြူတောင်မြင်"တဲ့။ သတိဟာ ဒီလောက်အထိ အရေးကြီးတယ်ဆိုတာ ယောဂီတို့ မှတ်ကြပါ။

## သူနာကြီးက ဟောတဲ့တရား

သူအိုလို့ခေါ်တဲ့ ပထမနတ်တမန်ပြတဲ့ တရားကို ဟောပြီးတော့ ခုတစ်ဖန် ဒုတိယနတ်တမန်ပြတဲ့တရားကို ဆက်လက်ဟော

ကြဦးစို့။ ဒုတိယနတ်တမန်ဆိုတာ ဘာကိုပြောသလဲ ယောဂီတို့။ သူနာကို ပြောတာပါဘုရား။

သူနာဆိုတာ ဟိုနားဒီနား ဟိုအိမ်ဒီအိမ်၊ သူ့ရပ်ကွက် ကိုယ့်ရပ်ကွက်၊ သူ့မြို့ကိုယ့်ရွာမှာ တွေ့နိုင်မြင်နိုင်ပါတယ်။ အနာကြီးအနာငယ် ပေါက်လို့ဖြစ်စေ၊ မကျန်းမမာလို့ဖြစ်စေ၊ ခွဲစိတ်ကုသခံရလို့ဖြစ်စေ၊ ကျိုးပဲ့ကွဲအက်လို့ဖြစ်စေ အမေကယ်ပါ အဖေကယ်ပါနဲ့ ဟစ်အော် ငိုကြွေး ညည်းတွားနေရတဲ့သူတွေပေါ့။ ဒီပုဂ္ဂိုလ်တွေကို သူနာလို့ ခေါ်တယ်။ အဲဒီ သူနာကြီးကလည်း သူ့ကိုလာပြီး မေးတဲ့ ပုဂ္ဂိုလ်တိုင်းကို တရားဟောတရားပြနေပါတယ်။

ဘယ်လိုတရားပြနေသလဲဆိုရင် –

*သူနာကြီးက မြတ်ဓမ္မ ဟောပြတွေ့တိုင်းသာ၊*
*ငါနာသလိုပဲ သင်တို့လည်း နာမြဲဓမ္မတာ၊*
*မနာခင်က ကုသလ ပြုကြဖန်ခါ၊*
*နာဘေးလွတ်ရေး မျှော်ထောက်တွေး မနေးကျင့်ကြပါ။*

ဘယ်သူကဟောတဲ့တရားလဲ ယောဂီတို့၊ သူနာကြီးက ဟောတဲ့ တရားပါဘုရား။ သတိယှဉ်တဲ့ပုဂ္ဂိုလ်တိုင်းဟာ ဒီသူနာကြီး ဟောတဲ့တရားကို မြင်မယ်၊ ကြားမယ်။ သတိမယှဉ်တဲ့ပုဂ္ဂိုလ်ဆိုရင်တော့ မမြင် မကြားနိုင်ပါဘူး။ သူနာကြီး ဟောလို ပြောလို ဆိုလိုတာက "သင်တို့အားလုံး ယခုအချိန် ဘယ်လိုပင် ဒေါင်ဒေါင်မြည်အောင် နေကောင်းကျန်းမာနေပေမယ့်လည်း တစ်နေ့တစ်ချိန်တော့ ငါ့လိုပဲ နာကြရမှာ သေချာပါတယ်။ ငါလိုနာလာတဲ့အချိန်ကျမှ ဒါန သီလ ဘာဝနာ ကုသိုလ်တရားများကို မပြုလုပ်နိုင်ကြပါ။ ဒါကြောင့် ငါ့လို

မနာမိ ယခုအချိန်မှာ ဒါန သီလ ဘာဝနာတရားများကို ကြိုးစားအား ထုတ်ကြပါ။ အဲဒီနာခြင်းတရားကို အမှန်တကယ် ကြောက်တယ် ရွံ့တယ် နလုံးနာတယ် ရင်မဆိုင်ချင်ဘူး မတွေ့ချင်ဘူးဆိုရင် အဲဒီ နာခြင်းမနှိပ်စက်မီ ဒါန သီလ ဘာဝနာတရားတွေကို အားထုတ်ကြပါ။ မိမိပြုလုပ်ထားတဲ့ ဒါန သီလ ဘာဝနာတရားတွေကမှ မိမိရဲ့ဘဝကို နာခြင်းသဘောတရားက လွတ်မြောက်စေနိုင်မယ်" လို့ သူနာကြီးက လည်း သူနဲ့ကြုံတဲ့ဆုံတဲ့ ပုဂ္ဂိုလ်တိုင်း၊ သူ့ကိုလာပြီးတော့မေးတဲ့ ပုဂ္ဂိုလ်တိုင်းကို တရားဟောပြီးနေတယ်။ ဒါပေမဲ့ သတိမရှိတဲ့ပုဂ္ဂိုလ် များကတော့ မမြင်နိုင် မကြားနိုင်ပါဘူး။ သတိမယှဉ် သတိမရှိရင် အမှုမဲ့အမှတ်မဲ့ပဲ သွားလာစားသောက် မေးမြန်းပြီး ပြန်လာကြမှာ အမှန်ပါပဲ။

သတိရှိတဲ့ပုဂ္ဂိုလ်များကျတော့ "ငါလည်းပဲ သူ့လိုတစ်ချိန် နာရဦးမှာပါလား၊ ငါလည်းပဲ ဒီနာခြင်းတရားကို မလွန်ဆန်နိုင်သေးပါလား။ ငါသန္တာန်မှာလည်း နာခြင်းသဘောတရားဟာ ရှိသေးတာပဲ၊ နာခြင်းသဘော သက်ရောက်လာမှတော့ ဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှုတွေ မပြုနိုင်တာ ဧကန်ပဲ" လို့တွေးပြီး ဓမ္မသံဝေဂ တွေ ဖြစ်ကြတယ်။ အဲဒီ ဓမ္မသံဝေဂဉာဏ်ကြောင့်ပဲ ဒါနတွေပြုကြ၊ သီလတွေ ဆောက်တည်ကြ၊ ဘာဝနာတွေ ပွားကြတယ်။ အဲဒီလို ကုသိုလ်တွေပြုလို့မို့ နာခြင်းသဘောက လွတ်မြောက်သွားကြတယ်။

ဒါကို သာဓကတစ်ရပ်အနေနဲ့ပြောရရင် ဘုရားရှင်လက်ထက် က အရှင်သာရိပုတ္တရာရဲ့ညီအငယ်ဆုံးဖြစ်တဲ့ ရေဝတဆိုသူဟာ သူ့ ရဲ့လက်ထပ်မင်္ဂလာပွဲနေ့မှာ အသက် ၁၂၀ ကျော်လို့ ဆံဖြူသွားကျိုး မျက်စိမှုန် နားထိုင်း ခါးကိုင်းပြီး တုန်တုန်ရီရီဖြစ်နေတဲ့ သူ့အမျိုး

သမီးရဲ့ အဘွားကြီးကို မြင်ရသတဲ့။ မြင်ရတဲ့အခါ ခုနကပြောခဲ့တဲ့ မွေ့ သံဝေဂမျိုးတွေဖြစ်လို့ လက်ထပ်ပြီးခါစ နုနယ်လှပတဲ့ အမျိုးသမီး ငယ်လေးကို စွန့်ပစ်ပြီး တောထွက်ခဲ့တယ်။ နောက်တော့ ရဟန်း ပြုပြီး တရားအားထုတ်လိုက်တာ ရဟန္တာဖြစ်လို့ အိုဘေး နာဘေး သေဘေးကြီးများက လွတ်မြောက်သွားခဲ့ပါတယ်။

ကဲ ဒီလောက်ဆို သူနာကြီးဟောတဲ့တရားကို နားလည် လောက်ပါပြီ။ ယခုတစ်ဖန် တတိယနတ်တမန်ပြတဲ့တရားကို ဆက် လက်ဟောပါဦးမယ်။ တတိယနတ်တမန်က ဘယ်သူတဲ့လဲ ယောဂီ တို့။ သူသေပါဘုရား။

ယနေ့ ယောဂီအားလုံးဟာ သူသေကို ပကတိမျက်စိနဲ့တော့ လူတိုင်းမြင်ဖူးကြပါတယ်။ ဘာကြောင့်လဲဆိုရင် မသေဖူးတဲ့အိမ်မရှိ၊ အိမ်တိုင်းမှာ သေဖူးကြတယ်။ မသေဖူးတဲ့ရွာမရှိ၊ ရွာတိုင်းမှာ သေဖူး ကြတယ်။ မသေဖူးတဲ့မြို့မရှိ၊ မြို့တိုင်းမှာ သေဖူးကြတယ်။ ကမ္ဘာနှင့် အဝန်းမှာ အချိန်တိုင်း သေနေကြတာပဲ။

မရဏသုံးမျိုး

အဲဒီ သေခြင်းသဘောကို ပါဠိလို "မရဏ" လို့ ခေါ်တယ်။ အဲဒီ မရဏဟာ (၁) အဒ္ဓါမရဏ၊ (၂) သန္တတိမရဏ၊ (၃) ခဏိကမရဏ ရယ်လို့ သုံးမျိုးရှိပါတယ်။

အဒ္ဓါမရဏ

အဲဒီသုံးမျိုးထဲက အဒ္ဓါမရဏဆိုတာ လောကမှာ ပြောပြော နေကြတဲ့ "မောင်ဖြူတော့ သေသွားပြီ၊ မပုံးတော့ အနိစ္စရောက်သွား ပြီ၊ ဦးချိုဖြင့် ကွယ်လွန်သွားရှာပြီ" လို့ဆိုတဲ့ သေခြင်းမျိုးပါပဲ။ လောက

လူသားတွေဟာ မွေးလာတဲ့အချိန်ကစပြီး ပညာတွေသင် အိမ်ထောင်ပြု သားသမီးတွေရ စီးပွားရေးတွေ အဆင်ပြေပြီး တိုက်တွေကားတွေနဲ့ ဖြစ်လာကြတယ်။ မကြာမီမှာပဲ အဲဒီသားမယား ချစ်သူခင်သူ အားလုံးနဲ့ ခွဲခွာ စီးပွားဥစ္စာတွေ မျက်နှာလွှဲပြီး သေပွဲဝင်ကြရတာချည်းပါပဲ။ အဲဒီသေခြင်းမျိုးကို အဒ္ဓါမရဏလို့ ခေါ်တယ်။ ဒါလည်းပဲ သေခြင်းတစ်မျိုးပါပဲ။ ဒီသေခြင်းဆိုတာကတော့ လူတိုင်းသိလူတိုင်းသဘောပေါက် သတ္တဝါတိုင်းမြင်တဲ့ သေခြင်းပေါ့။

သန္တတိမရဏ

နံပါတ် (၂) ဖြစ်တဲ့ "သန္တတိမရဏ" ဆိုတာကတော့ အမျိုးတူရုပ်ဖြစ်စဉ်ကြီးတစ်ခု၊ အမျိုးတူနာမ်ဖြစ်စဉ်ကြီးတစ်ခု၊ အမျိုးတူ ရုပ်နာမ်အစဉ်ကြီးတွေ တစ်ခုပြီးတစ်ခု ပျောက်ပျောက်သွားတဲ့သဘော၊ ကုန်ကုန်သွားတဲ့သဘောပါပဲ။ အများသိအောင်ပြောရရင် နေပူထဲသွားလို့ ပူအိုက်နေတဲ့ ရုပ်ခန္ဓာအစဉ်ကြီးဟာ အရိပ်ထဲဝင်လိုက်တဲ့အခါ အဲဒီအပူရုပ် အစဉ်ကြီးချုပ်ငြိမ်းပြီး အေးချမ်းသွားတာမျိုး၊ အလွန်အေးနေတဲ့အချိန် ချမ်းတုန်နေတဲ့ရုပ်ခန္ဓာကိုယ်အစဉ်ကြီးဟာ အပူငွေ့ပေးလိုက်လို့ အအေးရုပ်အစဉ်ကြီး ချုပ်ပျောက်ငြိမ်းသွားပြီး နွေးလာတာမျိုးပေါ့။ နာမ်မှာလည်း ဒီလိုပါပဲ။ လိုချင်စိတ်အစဉ်ကြီးတစ်ခု ဖြစ်နေပြီး မကြာမီ အဲဒီလိုချင်စိတ်တွေ မရှိတော့တာမျိုး၊ စိတ်ဆိုးတဲ့စိတ်အစဉ်တွေ အကြာကြီးဖြစ်နေပြီး စိတ်ဆိုးပြေပျောက်သွားတာမျိုးပေါ့။ ဒီသဘောတရားအားလုံးကို "သန္တတိမရဏ" လို့ ခေါ်ပါတယ်။

ယောဂီသူတော်စင်တို့အနေနဲ့ ပြောရရင် တရားမှတ်နေနိုက်ပူမှုသဘောတရားဖြစ်ပေါ်လာလို့ "ပူတယ် ပူတယ်" လို့ မှတ်လိုက်

တာ ခဏနေ အဲဒီပူတဲ့သဘော၊ ပူတဲ့ရုပ်အစဉ်ကြီး တဖြည်းဖြည်း ပျောက်ပျောက်သွားတာမျိုး၊ တစ်ခါတစ်ရံ ဟိုနားဒီနားမှ နာမှုဖြစ်ပေါ် လာလို့ "နာတယ် နာတယ်"လို့ ရှုလိုက်တယ်၊ ရှုဖန်များတော့ နာမ် သဘောပျောက်သွားတာမျိုး၊ စိတ်မှာလည်း ထို့အတူပေါ့။ လိုချင်တဲ့ စိတ်တွေ ဖြစ်လို့ "လိုချင်တယ် နှစ်သက်တယ်"လို့ ရှုလိုက်ရင် အဲဒီ လိုချင်တဲ့စိတ်အစဉ် ပျောက်သွားတာမျိုး၊ စိတ်ဆိုးစိတ်ပျက်တဲ့အခါ "စိတ်ဆိုးတယ် စိတ်ပျက်တယ်"လို့ ရှုလိုက်ရင်ပဲ အဲဒီစိတ်ဆိုးတဲ့ စိတ်အစဉ် ပျောက်ပျောက်သွားတာမျိုး၊ အခုပြောခဲ့သလို အမျိုးတူ ရုပ်အစဉ် နာမ်အစဉ်ကြီးတွေ တစ်ခုပြီးတစ်ခု ပျောက်ပျောက်သွားတဲ့ သဘော၊ သေသေပြီးသွားတဲ့သဘောကို "သန္တတိမရဏ" လို့ ခေါ် တယ်။

### ခဏိကမရဏ

နံပါတ် (၃) ဖြစ်တဲ့ "ခဏိကမရဏ"သဘောကတော့ တစ် စက္ကန့်အတွင်းမှာပဲ ရုပ်ပေါင်းကုဋေငါးထောင်ကျော်၊ နာမ်ပေါင်း ကုဋေတစ်သိန်းမက ချုပ်ပျောက်ပျက်စီး သေသေပြီးနေတဲ့သေခြင်း ကို "ခဏိကမရဏ"လို့ ခေါ်ပါတယ်။ စာလိုပြောရင်တော့ ဥပါဒ်၊ ဋ္ဌီ၊ ဘင် ခဏငယ်သုံးချက်စေ့တိုင်း ချုပ်ပျောက် ချုပ်ပျောက်သွားတဲ့ သဘောပါပဲ။ ယောဂီတို့အသိအနေနဲ့ ပြောရင်တော့ ရုပ်ကို ရှုမှတ် ရှုမှတ်၊ စိတ်ကို ရှုမှတ် ရှုမှတ်၊ မှတ်လိုက်တိုင်း မှတ်လိုက်တိုင်း တဖွား ဖွားနဲ့ အများကြီးပျက်ပျက်သွားတယ်လို့ သိရတဲ့အပျက်မျိုး အသေ မျိုးပါပဲ။ ဒီအသေမျိုးကိုတော့ "ခဏိကမရဏ"လို့ ခေါ်ပါတယ်။

**သူသေက ဟောတဲ့တရား**

အဲဒီ မရဏာသုံးမျိုးထဲက အဒ္ဓါမရဏာ အသေနဲ့ သေပြီး နှစ်ရက် သုံးရက်ကြာလို့ ခန္ဓာကိုယ်ကြီးတစ်ခုလုံး ပုပ်ပွရောင်ဖူးပြီး ပြည်တစိုစို ပေါက်ကွဲယိုစီးနေတဲ့ အလောင်းကောင်၊ ပိုးလောက်တွေ တဖွားဖွား ထွက်နေတဲ့ အလောင်းကောင်၊ အပုပ်နံ့တထောင်းထောင်းထနေတဲ့ အလောင်းကောင်ကြီးက သူနဲ့တွေ့တဲ့ကြုံတဲ့ပုဂ္ဂိုလ်တိုင်းကို တရား ဟောပြီးတော့နေတယ်။ တရားပြပြီးတော့နေတယ်။ ဘယ်လိုတရား ပြနေသလဲဆိုရင် -

*သူသေကြီးက မြတ်ဓမ္မ ဟောပြတွေ့တိုင်းသာ၊*
*ငါသေသလိုပဲ သင်တို့လည်း သေမြဲဓမ္မတာ၊*
*မသေခင်က ကုသလ ပြုကြဖန်ခါခါ၊*
*သေဘေးလွတ်ရေး မျှော်ထောက်တွေး မနေးကျင့်ကြပါ။*

ယောဂီတို့ သတိနဲ့နားထောင်ကြပါ။

အို သူတော်စင်တို့၊ သင်တို့ဟာ ခုလို အသက်ရှင်စဉ် ဘယ်လို ပဲ သွားလာလှုပ်ရှား ပျော်ပါးစရာအာရုံတွေနဲ့ ပျော်ပါး၊ မော်ကြွားစရာ ပစ္စည်းဥစ္စာအခြွေအရံတွေနဲ့ မော်ကြွားနေနိုင်ကြပေမယ့် တစ်နေ့ တော့ ငါ့လို သေကြရမှာပဲ။ မြေကြီးလက်ခတ်တာကမှ လွဲရင်လွဲလိမ့် ဦးမယ်။ မွေးလာ ဖြစ်လာပြီဆိုမှတော့ သေကြရ ပျက်ကြရမှာ သေ ချာပါတယ်။ အဲဒီလိုသေခါမှ ဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှု ကို ပြုလို့မဖြစ်နိုင်တော့ပါ။

ဒါကြောင့် သေရမှာကြောက်ကြတဲ့ပုဂ္ဂိုလ်တွေ၊ မသေချင်ကြ တဲ့သူတွေ မသေခင်ကြိုတင်ပြီး ကုသိုလ်ကောင်းမှုကို များများပြု

ကြပါ။ ကုသိုလ်တရားကမှ သေခြင်းဘေးက လွတ်မြောက်အောင် ထောက်ပံ့မယ်၊ ကူညီမယ်၊ ကျေးဇူးပြုမယ်လို့ သူသေကြီးက တရား ဟောနေတယ်။ ဘယ်လိုပင် သူသေကြီးက အစုလိုတရားဟောနေ ပေမယ့် သတိကင်းပေါ့ မေ့လျော့နေကြတဲ့ပုဂ္ဂိုလ်တွေအနေနဲ့ သူ သေကြီးက ဟောနေတဲ့တရားကို မမြင် မကြားနိုင်ကြပါ။ သတိရှိတဲ့ ပုဂ္ဂိုလ် သတိယှဉ်တဲ့သူတော်စင်ကသာ သူသေဟောတဲ့ တရားကို ကြားနိုင်၊ သူသေပြတဲ့တရားကို မြင်နိုင်ပါတယ်။

အရှင်လတ်လတ်သေသူ

သတိကင်းပေါ့ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေကြတဲ့ ပုဂ္ဂိုလ်တွေကို သေနေတဲ့သူတွေလို့ ဘုရားရှင်မိန့်တော်မူပါတယ်၊ အသက်နဲ့ခန္ဓာ အိုးစားကွဲပြီး သေပွဲဝင်တဲ့အသေမျိုး မဟုတ်သေးလို့ လောကအနေနဲ့တော့ အသက်ရှိနေ အသက်ရှင်နေပါသေးတယ်၊ တရားသဘောအနေနဲ့တော့ ဒါန သီလ ဘာဝနာတရားတို့ကို ပြုလုပ် အားထုတ်ဖို့ သတိမရဘဲ မေ့နေတဲ့အတွက်ကြောင့် "အရှင်လတ် လတ် သေနေတဲ့လူ"လို့ မြတ်ဗုဒ္ဓက ဟောတော်မူတာပါ။ သိသာ အောင် ပြောပြရရင် လောကမှာ အသက်မရှိတဲ့ သူသေကောင်ကြီး ဟာ ဒီအချိန်ဟာ ငါ့အတွက် ဆွမ်းလောင်းရမယ့်အချိန်၊ ဒီအချိန်ဟာ ငါးပါးသီလ၊ ရှစ်ပါးသီလ ဆောက်တည်ရမယ့်အချိန်၊ ဒီအချိန်ဟာ ဖြင့် ဘုရားဝတ်ပြုရမယ့်အချိန်၊ မေတ္တာပွားရမယ့်အချိန်၊ ဝိပဿနာ ပွားရမယ့်အချိန်လို့ သတိမရတော့ပါဘူး။ ဒီလိုပါပဲ သတိကင်းပြီး မေ့ လျော့နေကြတဲ့ ပုဂ္ဂိုလ်များဟာလည်း ဒါန သီလ ဘာဝနာ ကုသိုလ် ကောင်းမှုများကို ပြုလုပ်အားထုတ်ဖို့ လုံးဝသတိမရတော့ပါ။

ဒါကြောင့် မေ့လျော့နေသူကို "အရှင်လတ်လတ် သေသူ" လို့ ခေါ်ပါတယ်။ ယောဂီတို့ထဲမှာရော အရှင်လတ်လတ်သေတဲ့ယောဂီ ဘယ်နယောက်ရှိသလဲ။ မရှိပါဘုရား။ အရှင်လတ်လတ် မသေချင်ကြနဲ့နော်။ မှန်ပါ့ဘုရား။

ဘဝက တန်ဖိုးရှိသော်လည်း လူက အဖိုးမတန်ပါ

နတ်တမန်လို့ခေါ်တဲ့ သူအို သူနာ သူသေတွေက ဘယ်လိုပင် တရားပြပြီးတော့နေလည်း သတိကင်းပေါ့ မေ့လျော့နေကြတဲ့ပုဂ္ဂိုလ်များဟာ နတ်တမန်တွေပြတဲ့တရားကို မမြင်ကြ မကြားကြပါ။ နတ်တမန်တွေပြတဲ့တရားကို မမြင်မကြားကြတော့ ကုသိုလ်ပြုလုပ်ဖို့ သတိမရကြပါ။ သတိမရတော့ ဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှုတွေကို မပြုမလုပ်ကြပါ။ ကုသိုလ်မပြုလုပ်ဘဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနဲ့ပဲနေကြ ပျော်ပျော်ပါးပါးနဲ့ပဲ အချိန်ဖြုန်းနေကြတာဟာ သိပ်ဝမ်းနည်းစရာကောင်းပါတယ်။ ရရှိလာတဲ့လူ့ဘဝကို တန်ဖိုးရှိရှိ အသုံးမချနိုင်ကြရှာပါဘူး။ အမှန်မှာ ရလာတဲ့ဘဝကလေးကတော့ ရှေးကုသိုလ်ကံပါရမီတွေကြောင့် ရလာတာဖြစ်တော့ တန်ဖိုးကြီးတဲ့ ကောင်းတဲ့ဘဝပါပဲ။

ဘဝက မြင့်မြတ်ကောင်းမွန်ပေမယ့် သတိကင်းပေါ့ မေ့လျော့ကာ အကုသိုလ်ဒုစရိုက်တရားတွေကိုပဲ ပြုလုပ်နေတဲ့အတွက်ကြောင့် လူကတော့ မမြင့်မြတ်ပါ၊ အဖိုးမတန်ပါ။ ဒါကြောင့် ဒီပုဂ္ဂိုလ်များ သေတဲ့အခါ အပါယ်လေးပါးရောက်ကြရပါတယ်။

လူ့ဘဝကနေပြီး အပါယ်လေးပါးရောက်သွားရင် လူဖြစ်ရှုံးပြီပေါ့။ တကယ်လို့သာ လူပြန်ဖြစ်တယ်ဆိုရင်တော့ မမြတ်ပေမယ့် အရင်းတော့ ရသေးတယ်။ နတ်ပြည် ဗြဟ္မာ့ပြည် နိဗ္ဗာန်ရောက်ရင်

တော့ လူဖြစ်ရကျိုးနပ်တယ်၊ မြတ်တယ်လို့ ဆိုရမယ်။ ဒီတော့ အရှုံး ပေးကြမလား၊ အနိုင်ယူကြမလား။ အနိုင်ယူပါ့မယ်ဘုရား။

ပါးစပ်နဲ့အနိုင်ယူတာမျိုးတော့ မဖြစ်ကြပါစေနဲ့။ အလုပ်ပါမှ အဟုတ်နိုင်ပါတယ်။ ရှေးက ဒု၊ သ၊ န၊ သော ဆိုတဲ့ သူဌေးသား လေး ယောက်လို သတိကင်းပေါ့မေ့လျော့ကာ အကုသိုလ်တွေပြုလုပ်ပြီး အပါယ်ငရဲကျခဲ့ရင် နှစ်ရှည်လများ အပါယ်ငရဲခံကြရလို့ စိုးရိမ်ပူဆွေး ငိုကြွေး နေကြရလိမ့်မယ်။ အပါယ်ငရဲကျပြီဆိုရင် မိမိပြုခဲ့တဲ့ အကုသိုလ်ကံတွေ အရှိန်သတ္တိကုန်မှပဲ အဲဒီအပါယ်ငရဲက လွတ် မြောက်ပါတယ်။ ပြုခဲ့တဲ့အကုသိုလ်ကံသတ္တိ အရှိန်မကုန်သရွေ့ တော့ ဘယ်လောက်ပဲ ဆင်းရဲပေမယ့် သေတယ်လွတ်တယ်ဆိုတာ မရှိပါဘူး။ ငရဲသားရဲ့ သက်တမ်းဟာ "အကုသိုလ်ကံ" ပဲ။ ဒီတော့ သတိတရားထားကြလို့ ကုသိုလ်တရားပွားများကြဖို့ သိပ်အရေးကြီး ပါတယ်။ ဒါမှပဲ ဒီအပါယ်ငရဲက လွတ်မြောက်ပြီး ချမ်းသာကြမယ်။

### အရိန္ဒမနဲ့ သောဏက

သတိရှိလာပြီဆိုရင်တော့ သူအို သူနာ သူသေဆိုတဲ့ သက်ရှိ လောကကပြတဲ့တရားရော၊ သက်မဲ့လောကကပြတဲ့တရားတွေကို ပါ မြင်ကြတယ်။ သတိရှိလို့မို့ ညှိုးနွမ်းလာတဲ့ကြာပန်း၊ ကြွေကျလာ တဲ့ သစ်ရွက်၊ စီးဆင်းနေတဲ့ရေ၊ တောက်လောင်နေတဲ့မီး စသည် စသည်တို့ ကို မြင်ရုံနဲ့ပဲ ဓမ္မသံဝေဂတွေဖြစ်လို့ အဲဒီ ဓမ္မသံဝေဂကတစ်ဆင့် ဝိပဿနာဉာဏ်စဉ်တက်၊ ဝိပဿနာဉာဏ်ကုန်ဆုံးတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကိုမြင်သွားကြတဲ့ပုဂ္ဂိုလ်တွေ ရှေးကမြောက်မြား စွာ ရှိခဲ့ကြောင်း ကျမ်းဂန်မှာ တွေ့သိရပါတယ်။ အဲဒီပုဂ္ဂိုလ်တွေထဲက

ယောဂီများနဲ့ အသင့်လျော်ဆုံးဖြစ်တဲ့ပုဂ္ဂိုလ်ရဲ့ အကြောင်းအရာ တစ်ခုကို ပြောပြချင်ပါတယ်။

ဘုရားအလောင်းတော်ဟာ ဘဝတစ်ခုက ရာဇဂြိုဟ်မြို့မှာ ရှင်ဘုရင်ရဲ့ သားတော်တစ်ပါး ဖြစ်ခဲ့ဖူးသတဲ့။ အလောင်းတော်ရဲ့အမည်ကို 'အရိန္ဒမ'လို့ အမည်ပေးထားတယ်။ မင်းသားလေးကို ဖွားမြင်တဲ့ အချိန်မှာပဲ ပုရောဟိတ်ကြီးမှာလည်း သားတော်လေးတစ်ယောက် ဖွားမြင်လာသတဲ့။ ပုရောဟိတ်ကြီးရဲ့သားအမည်ကိုတော့ "သောဏက" လို့ အမည်ပေးထားသတဲ့။

## သူငယ်ချင်း

မွေးဖွားတဲ့အခါမှာ တစ်ချိန်တည်းမွေးဖွားသလိုပဲ ကြီးပြင်းလာတဲ့အခါမှာလည်း အတူစား အတူသွား အတူအိပ် အတူနေကြသတဲ့။ ဒါကိုပါဠိလို "သဟာယ" လို့ခေါ်တယ်။ မြန်မာပြန်တော့ "သူငယ်ချင်း" လို့ ပြန်ကြတယ်။ အဓိပ္ပာယ်ကတော့ ချမ်းသာဆင်းရဲ ဒွန်တွဲပြီး ခံစား ခံစားလေ့ရှိတဲ့ ပုဂ္ဂိုလ်၊ ငါးကြင်းရ အတူတူ၊ ငါးရူရတော့ ခွဲခြား ခွဲခြား မဟုတ်ဘူးပေါ့။ အေးအတူ ပူအမျှ ခံစားလေ့ရှိတဲ့ ပုဂ္ဂိုလ်တွေပေါ့။

သူတို့သူငယ်ချင်းနှစ်ယောက် ဒီလိုနဲ့ ကြီးပြင်းလာကြရာ ဆယ့်ငါး ဆယ့်ခြောက်နှစ်အရွယ်ရောက်တဲ့အခါ တက္ကသိုလ်ပြည်ကို တက္ကသိုလ်ပညာများ သွားရောက်သင်ကြားကြတယ်။ တက္ကသိုလ် ပြည်ဟာ ယူဇနာ ၁၂၀ ဝေးတယ်။ ကြားမှာရှိတဲ့ ဗာရာဏသီမြို့ကို ကျော်ဖြတ်သွားရတယ်။ ပညာအတော်စုံလို့ မိဘရပ်ထံပြန်မယ်ဆိုပြီး ပြန်အလာ လမ်းခုလတ်မှာရှိတဲ့ ဗာရာဏသီမြို့ကြီးကို ရောက်လာကြသတဲ့။ ရောက်တော့ မြို့အနီးမှာရှိတဲ့ မင်းဥယျာဉ်ထဲဝင်ပြီး အနားယူကြ အိပ်ကြတယ်။ အနားယူရင်း တိုင်ပင်စဉ်းစားကြသတဲ့။

"တို့များ ရောက်တုန်းရောက်ခိုက် ဒေသန္တရဗဟုသုတအနေနဲ့ ဟော ဒီ ဗာရာဏသီမြို့ထဲကို လှည့်လည်လေ့လာရအောင်" လို့ဆိုပြီး လှည့် လည် ကြည့်ရှုလေ့လာကြသတဲ့။

သူတို့လှည့်လည်ကြည့်ရှုတဲ့အချိန်မှာပဲ ဗာရာဏသီမြို့ထဲက ပုဏ္ဏားအိမ်တစ်အိမ်မှာ မင်္ဂလာမြှတ်ဖတ်ပွဲတစ်ပွဲ ကျင်းပပြီးနေသတဲ့။ သူတို့နှစ်ယောက်ကို မြင်လိုက်ရင်ပဲ ပညာရှိ လူတော်လူကောင်းတွေ အနေနဲ့ အဲဒီပွဲမှာ ပုဏ္ဏားမန္တန်ရွတ်ရန် ပင့်ဖိတ်ကြသတဲ့။ အဲဒီလို ပင့် ဖိတ်ပြီး မင်းသားများထိုင်ဖို့ရန် နေရာခင်းပေးကြသတဲ့။ ခင်းကျင်း ပေးကြတဲ့အခါ ဘုရားအလောင်းအရိန္ဒမမင်းသားထိုင်ဖို့ရန်အတွက် ဖွေးဖွေးဖြူတဲ့ကမ္ဗလာလေးကို ခင်းပြီးပေးသတဲ့။ သောဏကသတို့ သား ထိုင်ဖို့ရန်အခင်းကတော့ နီမြန်းတဲ့ကမ္ဗလာလေးကို ခင်းပေး လိုက်ကြသတဲ့။ ဘုရားလောင်းကတော့ အမှုမဲ့အမှတ်မဲ့ပဲ ထိုင်လိုက် ဟန်တူပါတယ်။

ပုရောဟိတ်ရဲ့သား သောဏကသတို့သားကတော့ ဒီအခင်း နှစ်မျိုးကို ကြည့်ပြီး အတိတ်ကောက်လိုက်သတဲ့။ အရိန္ဒမမင်းသား အတွက် ဖြူဖွေးတဲ့ဒီကမ္ဗလာလေးကို ခင်းပေးတာ ထောက်သော အားဖြင့် ဒီနေ့ပဲ အရိန္ဒမမင်းသားဟာ ရှင်ဘုရင်ဖြစ်လိမ့်မယ်၊ ငါ့ အတွက် နီမြန်းတဲ့ဒီကမ္ဗလာလေးကိုခင်းပေးတာထောက်သောအား ဖြင့် ငါလည်း ယနေ့ပဲ စစ်သူကြီးဖြစ်မယ်။ စစ်သူကြီးဖြစ်ရင် တိုင်းရေး ပြည်ရေးကိစ္စ၊ တိုက်ရေးခိုက်ရေးကိစ္စတွေနဲ့ အချိန်ကုန်ရတော့မယ်။ ကုသိုလ်ရေးကို ဖြောင့်ဖြောင့်တန်းတန်း အချိန်များများပြုလုပ်ခွင့် ရမှာမဟုတ်တော့ဘူး။ ဒါကြောင့် ငါစစ်သူကြီးတော့မလုပ်ချင်ဘူးလို့ တွေးပြီး မန္တန်ရွတ်ပွဲဝင်ပြီး မန္တန်ရွတ်ဖတ်ကြသတဲ့။ ရွတ်ပြီး မောမော

ပန်းပန်းနဲ့ မင်းဥယျာဉ်ထဲရှိ ကျောက်ဖျာကြီးပေါ် အနားယူကြတယ်။ ဒီအခါ အရိန္ဒမသတို့သားကတော့ မောမောပန်းပန်းနဲ့ လှဲချလိုက်တာ အိပ်ပျော်သွားသတဲ့။ သောဏကသတို့သားလေးကတော့ မအိပ်ဘဲ အနားကထိုင်ပြီး အရိန္ဒမမင်းသားကို စောင့်ရှောက်နေတယ်။

## အရိန္ဒမမင်းသား ရှင်ဘုရင်ဖြစ်

အဲဒီနေ့ အဲဒီအချိန်ဟာ ဗာရာဏသီပြည့်ရှင် ဘုရင်မင်းမြတ်ကြီး နတ်ရွာစံလို့ ခုနစ်ရက်မြောက်တဲ့နေ့ ဖြစ်ပါသတဲ့။ ဗာရာဏသီမင်းကြီးမှာလည်း ထီးမွေနန်းမွေ ဆက်လက်ခံယူမယ့် သားကမရှိ။ ဒီတော့ မှူးတွေမတ်တွေ၊ ပုဏ္ဏားညီ ပုဏ္ဏားဖျူတွေအားလုံး တိုင်ပင်ကြတယ်။ "တို့များ မင်းလောင်းရှာမှဖြစ်မယ်၊ ယနေ့ ဘုရင်မင်းကြီး နတ်ရွာစံတာ ခုနစ်ရက်တောင် ရှိခဲ့ပြီ၊ ရှာလို့တွေ့ရင် မင်းမြှောက်မယ်"ဆိုပြီး မင်းမြှောက်တန်ဆာငါးပါးကို မင်္ဂလာဖုတ်သွင်းရထားပေါ် တင်ပြီး မင်းလောင်းရှာထွက်ကြသတဲ့။

အဲဒီလို မင်းလောင်းရှာထွက်တဲ့အခါ အဲဒီမင်္ဂလာရထားကြီးဟာ ဗာရာဏသီမြို့တစ်မြို့လုံးကို ကျော်ဖြတ်သွားသတဲ့။ ဘယ်ပုဏ္ဏား ဘယ်အမတ်အိမ်မှ မဝင်ဘူး။ ပုဏ္ဏားတွေ မှူးမတ်တွေကတော့ သူ့အိမ် ဝင်လေမလား၊ ငါ့အိမ်ရပ်လေမလားလို့ ရင်တမမ လည်တမော့မော့နဲ့ပေါ့။ လမ်းဆုံလမ်းခွ လမ်းမလမ်းသွယ် အကုန်လုံးကျော်ဖြတ်ပြီးတော့ အရှေ့တံခါးပေါက်ကနေထွက်ပြီး ခုနက အရိန္ဒမမင်းသား အိပ်နေတဲ့ကျောက်ဖျာရှိရာကို ဖြောင့်ဖြောင့်တန်းတန်းသွားသတဲ့။ ဒါကို အနားမှာထိုင်နေတဲ့ သောဏကသတို့သားက အဝေးကပဲ လှမ်းမြင်လိုက်ပါသတဲ့။ ဒီလိုသိမြင်တော့ "ငါ့အတိတ်ကောက်ခဲ့တာ

မှန်ပြီ၊ ကြည့်စမ်း ဖုတ်သွင်းရထားကြီး လာနေပြီ၊ အရိန္ဒမကို မင်းမြှောက်ကြတော့မယ်၊ သူရှင်ဘုရင်ဖြစ်ရင် ငါ့ကိုလဲ စစ်သူကြီးရာထူး ပေးမှာ သေချာပြီ၊ ငါတော့ စောစီးက ရှောင်တိမ်းနေမှပဲ" ဆိုတဲ့အကြံနဲ့ အနားရှိ ချုံထဲဝင်ပြီး တိမ်းရှောင်ပုန်းအောင်းနေလိုက်သတဲ့။ ဒါနဲ့ လိုရင်းပြောကြပါစို့၊ အရိန္ဒမမင်းသား ရှင်ဘုရင်ဖြစ်သွားသတဲ့။

### အင်ကြင်းရွက်ဟာ တရားပြ

ဖုတ်သွင်းရထားကြီးလည်း ဗာရာဏသီမြို့ထဲ ဝင်သွားရော ချုံထဲမှာ တိမ်းရှောင်နေတဲ့ သောဏကသတို့သားဟာ ပုန်းအောင်းတိမ်းရှောင်နေရာက ထွက်လာပြီး အရိန္ဒမမင်းသား အိပ်ခဲ့တဲ့ ကျောက်ဖျာကြီးပေါ်မှာ ထိုင်လိုက်သတဲ့။ ထိုင်လို့မကြာခင်မှာပဲ အနားရှိ အင်ကြင်းပင်ကြီးပေါ်က အင်ကြင်းရွက်တွေဟာ တဖြူးဖြူး တိုက်နေတဲ့ လေထဲမှာ ဝဲကာလွင့်ကာနဲ့ တဖြုတ်ဖြုတ်ကြွေကျလာသတဲ့။

ဒီမြင်ကွင်းကို သောဏကသတို့သားမြင်လိုက်တယ်ဆိုရင်ပဲ သူ့ညာဏ်ထဲမှာ ဓမ္မသံဝေဂတွေ ဖြစ်ပေါ်လာသတဲ့။ ဘယ်လို ဓမ္မသံဝေဂ ဖြစ်ပေါ်လာသလဲဆိုရင် ကြွေကျနေတဲ့ ဒီအင်ကြင်းရွက်ကလေးတွေဟာ ဟိုလွန်ခဲ့တဲ့ ကဆုန် နယုန်အချိန်ကဆိုရင် အမိအင်ကြင်းပင်ကြီးပေါ်မှာ နီနီထွေးထွေးလေးတွေ ဖူးလို့ညွန့်လို့ ဝေဆာလှပလို့နေခဲ့ကြမှာပဲ။ ဒီလိုနဲ့ ဝါဆိုဝါခေါင်လောက်ရောက်လို့ မိုးက မပြတ်ရွာ၊ ရာသီဥတုက အေးမြလာတော့ အမိအင်ကြင်းပင်ကြီးပေါ်မှာ ညိုမှိုင်းအုံ့ဆိုင်းလာလို့ လောကကြီးကို လှပမှုနဲ့ တန်ဆာဆင်ထားသလို အစွမ်းကုန်လှပတင့်တယ်ခဲ့ကြမှာပါ။ ဒါပေမဲ့ ယခုလို တပေါင်းတန်ခူးရာသီရောက်လာတော့ မြောက်လေလေးက တဖြူး

ဖြူးတိုက်လာ၊ နွေလေပူလေးက တရှိန်ရှိန်ဟပ်လာဆိုတော့ အညာ ရင်းမှာ ရေငွေ့တွေ ခန်းခြောက်လို့ မြေတလင်းမှာ တဖြုတ်ဖြုတ်ကြွေ ဆင်းနေကြပါလား။ သြော်...အနိစ္စ မမြဲပါဟကားလို့ ဓမ္မသံဝေဂတွေ ဖြစ်ပွားနေသတဲ့။

ဒီနေရာမှာ ယောဂီများကို မေးပါဦးမယ်။ သောဏက သတို့ သားဟာ အင်ကြင်းရွက်တွေကြွေကျတာကို မြင်တာနဲ့ပဲ ဒီလို ဓမ္မ သံဝေဂတွေ ဘာကြောင့်ဖြစ်ပေါ်လာပါသလဲယောဂီတို့။ သတိယှဉ် လို့ပါဘုရား။ မှန်ပါတယ်၊ ဒီမြင်ကွင်းမျိုးကို အခြားသူများလည်း မြင် ဖူးကြမှာပါ၊ ဒါပေမဲ့ မြင်တဲ့သူတိုင်း ဒီလိုဓမ္မသံဝေဂတွေ မဖြစ်ကြပါ။ ဘာကြောင့်မဖြစ်ကြပါသလဲ မေးရင် သတိမယှဉ် သတိမထားကြ လို့ပါ။

သူတို့ရဲ့အမြင်က ပကတိမျက်စိနဲ့သာ မြင်ကြတယ်။ ဉာဏ် မျက်စိနဲ့ မမြင်ကြပါဘူး။ ဒီလိုလည်း ပြောနိုင်ပါတယ်။ သတိလည်းရှိ ဉာဏ်အမြင်နဲ့လည်း ပြည့်စုံတဲ့ သောဏကသတို့သားကတော့ အပြင်ဗဟိဒ္ဓ အင်ကြင်းရွက်ကလေးတွေ ကြွေတာကို မြင်ရာက ဓမ္မ သံဝေဂရပြီး အဲဒီ ဓမ္မသံဝေဂကမှ တစ်ဆင့်တက်ကာ အတွင်း အဇ္ဈတ္တလို့ခေါ်တဲ့ မိမိခန္ဓာကိုယ်ထဲအထိ ဉာဏ်က သက်ရောက်လာ သတဲ့။ မိမိသန္တာန်သက်ရောက်လာတဲ့ အဲဒီဉာဏ်နဲ့ ခန္ဓာကိုယ်ကို ရှုး စိုက်ရှုလိုက်တော့ သူ့ရဲ့ခန္ဓာကိုယ်ထဲမှာလည်း မမြဲမှုအနိစ္စသဘော တွေကို တွေ့ရသတဲ့။ တွေ့တော့ "သြော်... အပြင်လောကကြီးသာ ဖြစ်ပျက်ပြောင်းလဲပြီး အနိစ္စရောက်နေကြတာ မဟုတ်ပါလား၊ အမှန် တကယ်တော့ ငါ့ရဲ့ခန္ဓာကိုယ်ထဲမှာလည်း ရုပ်နာမ်တရားအားလုံး ဟာ ဖြစ်ပျက် ပေါ်ပျောက်နေကြပါတကား။ ပြောင်းလဲနေကြပါ

တကား။ လောကကြီးမှာ တည်တံ့ခိုင်မြဲနေတာ ဘာတစ်ခုမှမရှိပါ လား" လို့ အနိစ္စသဘောကို ကိုယ်ပိုင်ဉာဏ်နဲ့ သိမြင်သဘောပေါက်ခဲ့ တယ်။ ဒီဉာဏ်မျိုးကို "ဘာဝနာမယဉာဏ်" လို့ ခေါ်တယ်။

ဉာဏ်သုံးမျိုး

ဉာဏ်ဟာ သုံးမျိုးရှိပါတယ်ယောဂီတို့။ အဲဒီဉာဏ်သုံးမျိုးဟာ -

၁။ သုတမယဉာဏ် - ကြားသိဉာဏ်

၂။ စိန္တာမယဉာဏ် - တွေးသိဉာဏ်နဲ့

၃။ ဘာဝနာမယဉာဏ် - ပွားသိဉာဏ်များပါပဲ။

(၁) သုတမယဉာဏ်ဆိုတာ ကြားလို့သိတဲ့ ဉာဏ်ကို ခေါ် တယ်။ သူများပြောလို့ပြောလို့ဖြစ်စေ၊ မိမိကိုယ်တိုင် စာပေကြည့်ရှု လေ့လာလို့ဖြစ်စေ ဖြစ်ပေါ်လာတဲ့ အသိဉာဏ်ပေါ့။

(၂) စိန္တာမယဉာဏ်ဆိုတာ ကြံစည်လို့သိတဲ့ဉာဏ်ကို ခေါ်ပါ တယ်။ သူများ ပြောလို့ပြောလို့ ဖြစ်ပေါ်လာတဲ့ဉာဏ်မျိုးမဟုတ်ဘဲ ကိုယ်တိုင်တွေးခေါ်စဉ်းစား စိတ်ကူးရာက ဖြစ်ပေါ်ရရှိလာတဲ့ အသိ ဉာဏ် ဖြစ်ပါတယ်။

(၃) ဘာဝနာမယဉာဏ်ကတော့ လူပြောသူပြောနဲ့ သိတဲ့ အသိလည်း မဟုတ်၊ ကိုယ်တိုင်တွေးခေါ်စဉ်းစားဆင်ခြင်ရုံသက် သက်နဲ့ သိတဲ့အသိမျိုးလည်းမဟုတ်၊ ကိုယ်တိုင်အကျင့်မှန်ကို လက် တွေ့ကျင့်ကြံပွားများအားထုတ်လို့ ဖြစ်ပေါ်ရရှိလာတဲ့ အသိဉာဏ်မျိုး ဖြစ်ပါတယ်။

ဒီနေ့ ယောဂီသူတော်စင်များ ရှုမှတ်ပွားများလို့ ခန္ဓာအရှိကို ဉာဏ်နဲ့ ရှုသိလိုက်တဲ့အခါ ဖြစ်ပေါ်လာတဲ့အသိမျိုးပါပဲ။ ဒါကိုထင်ရှား

အောင် ပြောပြရရင် မိမိခန္ဓာကိုယ်ထဲမှာ ပူမှုသဘောလေးတွေ ပေါ် လာလို့ "ပူတယ် ပူတယ်" လို့ ထပ်ကာထပ်ကာ ရှုလိုက်၊ မကြာမီပဲ ပျောက်သွားတယ်လို့ သိတဲ့အသိမျိုး၊ အေးတဲ့သဘောလေးတွေဖြစ်၊ တောင့်တင်းမှု ထုံကျင်မှု ရွေ့လျားမှုသဘောလေးတွေ ပေါ်လာလို့ ရှုမှတ်လိုက်ပြန်၊ မကြာခင် ချုပ်ပျောက်သွားတယ်လို့ သိတဲ့အသိမျိုး။ စဉ်းစားစိတ်၊ စိတ်ကူးစိတ်၊ လှုံ့ရှင်စိတ်၊ စိတ်ဆိုးစိတ် စတဲ့စိတ်တွေ ဖြစ်ပေါ်လာပြန်လို့ "စဉ်းစားတယ် စဉ်းစားတယ်" စသည်ဖြင့် ရှုလိုက် တယ်။ ခဏပဲ ပျောက်သွားတယ်လို့ သိမြင်လာတဲ့အသိဉာဏ်မျိုး ပါပဲ။ ကိုယ်တိုင်ပွားလို့ ကိုယ်ပိုင်ဉာဏ်နဲ့ သိမြင်လာတဲ့ဉာဏ်ပေါ့။ ဒီ ဉာဏ်ကို "ဘာဝနာမယဉာဏ်" လို့ ခေါ်ပါတယ်။

**သောဏကာ ပစ္စေကဗုဒ္ဓါဖြစ်**

ခု သောဏကာသတို့သားရဲ့ သန္တာန်မှာ ပထမပိုင်းဖြစ်ပေါ်ခဲ့တဲ့ ဉာဏ်ကတော့ "စိန္တာမယဉာဏ်" ပါပဲ။ ဘာကြောင့်လဲဆိုရင် အင် ကြင်းပင်ပေါ်က ကြွေကျလာတဲ့ သစ်ရွက်လေးတွေကို ကြည့်ရင်း ရှု ရင်းက မမြဲတဲ့သဘောကို ဆင်ခြင်စဉ်းစားမိရာက ဖြစ်ပေါ်လာတဲ့ အသိဉာဏ်ဖြစ်လို့ပါပဲ။ အဲဒီစိန္တာမယဉာဏ်က တစ်ဆင့်တက်ပြီး မိမိ ရဲ့ခန္ဓာငါးပါး ရုပ်နာမ်တရားများကို ဉာဏ်နဲ့ စူးစိုက်ကြည့်လိုက်တော့ မိမိခန္ဓာထဲမှာလည်းပဲ ခန္ဓာငါးပါး ရုပ်နာမ်တရားများဟာ ပေါ်ပြီး ပျောက်၊ ဖြစ်ပြီးပျက်နဲ့ အမြဲမပြတ် တရစပ် ဖြစ်ပျက်ပြောင်းလဲနေတဲ့ အနိစ္စသဘောကို သိလာတယ်။ ဒီအသိဉာဏ်ကျတော့ "ဘာဝနာ မယဉာဏ်" အဆင့် ရောက်လာပါတယ်။ ဒီလိုနဲ့ ဆက်လက်ရှုပွား လိုက်တာ မင်လေးတန် ဖိုလ်လေးတန်ရလို့ အဲဒီကျောက်ဖျာကြီးပေါ် မှာပဲ ပစ္စေကဗုဒ္ဓါတစ်ဆူ ဖြစ်သွားသတဲ့။

သူ့ရဲ့ ခန္ဓာကိုယ်မှာလည်း လူဝတ် လူသဏ္ဌာန်ပျောက်ပြီး ရဟန်းဝတ် ရဟန်းအသွင် ဖြစ်ပေါ်လာသတဲ့။ ဒါကိုသိတော့ ပစ္စေကဗုဒ္ဓါအရှင်သူမြတ်တို့နဲ့ သင့်လျော်လျောက်ပတ်တဲ့ ဟိမဝန္တာ နန္ဒမူလိုဏ်ဂူကို ကြွသွားတော်မူပါတယ်။ နန္ဒမူလိုဏ်ဂူရောက်တဲ့အခါ ဈာန်သမာပတ်ဝင်စားလိုက်၊ ဖလသမာပတ်ဝင်စားလိုက်၊ နိရောဓသမာပတ်ဝင်စားလိုက်နဲ့ လောကုတ္တရာချမ်းသာတွေကို ခံစားပြီး နေတော်မူပါတယ်။

ဒီနေရာမှာ ယောဂီများကို ဘုန်းကြီး မေးပါရစေ။ အခု သောကကာ ပစ္စေကဗုဒ္ဓါအရှင်သူမြတ် ခံစားနေတဲ့ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာမျိုးဟာ ဘယ်အခါများမှ ရနိုင် ဖြစ်နိုင်ပါသလဲ ယောဂီတို့။ ဆင်းရဲငြိမ်းတဲ့အခါမျိုးမှ ရနိုင်ပါတယ်ဘုရား။ ဆင်းရဲတွေကကော ဘယ်တော့အခါ ငြိမ်းမှာပါလဲ ယောဂီတို့။ ကိလေသာချုပ်ငြိမ်းတဲ့အချိန်မှာ ဆင်းရဲတွေငြိမ်းပါမယ်ဘုရား။ အဲဒီကိလေသာတွေကင်းအောင် ချုပ်အောင် ငြိမ်းအောင်ကကော ဘယ်တရားကို ဘယ်လို သိအောင်လုပ်ရမလဲ ယောဂီတို့။ ရုပ်နာမ်သဘာဝကို ရုပ်နာမ်သဘာဝမျှပဲလို့ သိအောင် မြင်အောင် လုပ်ရပါမယ်ဘုရား။ ဒီအမှန်သိဉာဏ် ဖြစ်ပေါ်လာအောင်ကော ဘယ်လိုပြုလုပ်ရမလဲ ယောဂီတို့။ စိတ်တည်ငြိမ်မှုသမာဓိရအောင် ပြုလုပ်ရပါမယ်ဘုရား။ သမာဓိရအောင်ကကော ဘယ်လိုပြုလုပ်ရမလဲ ယောဂီတို့။ ရှုမှတ်ရပါမယ်ဘုရား။ မှန်ပါတယ်၊ သမာဓိရအောင် ပြုလုပ်တဲ့အခါမှာ ယုံကြည်မှုသဒ္ဓါတရားနှင့် ကြိုးစားမှုဝီရိယများကို ရှေ့တန်းတင်ပြီး ဖြစ်ပေါ်ခိုက် ရုပ်နာမ်တရားကို ဖြစ်ပေါ်တဲ့အတိုင်း သတိနဲ့အဖန်ဖန်ရှုမှတ်ပေးရပါတယ်။ သမာဓိရအောင် ပြုလုပ်ဖို့ နည်းလမ်းသိသွားပြီလား ယောဂီ

တို့။ သိပါပြီဘုရား။ ချမ်းသာမှုရဲ့အခြေခံဟာ သတိပဲလို့ ယောဂီများ သဘောပေါက်ပြီမဟုတ်လား။ မှန်ပါဘုရား။

## လောကီချမ်းသာနဲ့ လောကုတ္တရာချမ်းသာ

သောဏကောဠိဝိသပုဒ္ဓါဟာ ချာန်သမာပတ်၊ ဖလသမာပတ်နဲ့ နိရောဓသမာပတ် ဝင်စားခြင်းလို့ခေါ်တဲ့ လောကုတ္တရာချမ်းသာများကို ခံစားပြီးတဲ့အခါတိုင်း အခါတိုင်း သူရဲ့သူငယ်ချင်း အရိန္ဒမမင်းကို သတိရရှာသတဲ့။ သတ္တဝါတိုင်းဟာ မိမိတစ်စုံတစ်ခု ချမ်းသာသုခကို ခံစားရပြီဆိုရင် ကိုယ်မေတ္တာရှိတဲ့ပုဂ္ဂိုလ်ကို သတိရကြတာပဲ ဖြစ်ပါတယ်။ ဒါကြောင့်ပဲ ခုသောဏကောဠိဝိသပုဒ္ဓါအရှင်သူမြတ်ဟာ ဒီ ချာန်ချမ်းသာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာခေါ်တဲ့ လောကုတ္တရာချမ်းသာတွေကို ခံစားရလေတိုင်း သူငယ်ချင်းကို သတိရနေတယ်။ ဘယ်လိုသတိရနေသလဲဆိုရင် "ငါ့သူငယ်ချင်း ဒီ လိုအချိန် ဘယ်ဆီများရောက်လို့ ဘာတွေလုပ်နေပါလိမ့်မလဲ၊ ငါ ခံစားရတဲ့ ဒီလိုချမ်းသာမျိုးကို သူငယ်ချင်းတစ်ယောက် ခံစားရပါရဲ့ လား" လို့ သတိရနေရှာသတဲ့။ ဒီလို သောဏကောဠိဝိသပုဒ္ဓါ အရှင် သူမြတ်က ဘယ်လိုပဲ အမြဲထာဝရ သတိရအောက်မေ့ပြီးနေပေမယ့် လည်း အရိန္ဒမရှင်ဘုရင်ကတော့ သောဏကသူငယ်ချင်းကို တစ်ခါ မှ သတိမရ မအောက်မေ့မိဘူးတဲ့။ လောကီအာရုံ ကာမဂုဏ်ကြား မှာ မျောနေရှာသတဲ့။ လောကစည်းစိမ်ရစ်နေတယ်ပေါ့။

ဒီနေရာမှာလည်း ယောဂီများ နည်းနည်းသတိပြုစေချင်ပါ တယ်။ ဒီသူငယ်ချင်းနှစ်ယောက် အသီးသီးခံစားနေကြတဲ့ ချမ်းသာ မှုနှစ်ရပ်ကို ယှဉ်တွဲပြီး ကြည့်ကြပါ။ သောဏကောဠိဝိသပုဒ္ဓါ အရှင်

သူမြတ်က လောကုတ္တရာစည်းစိမ်ကို ခံစားရလို့ ချမ်းသာနေတယ်။ အရိန္ဒမမင်းက လောကီစည်းစိမ်တွေကို ခံစားစံစားရလို့ ချမ်းသာနေတယ်။ ယောဂီတို့ ဘာချမ်းသာနဲ့ ဘာချမ်းသာပါလိမ့်။ လောကီချမ်းသာနဲ့ လောကုတ္တရာချမ်းသာပါ ဘုရား။

**တစ်သက်နဲ့တစ်ကိုယ် မခံစားဖူးပါဘုရား**

ဘယ်ချမ်းသာက ပိုမိုကောင်းမြတ်ပါသလဲ ယောဂီတို့။ လောကုတ္တရာချမ်းသာက ပိုမိုကောင်းမြတ်ပါတယ် ဘုရား။ မှန်ပါတယ်၊ ခုလို မင်္ဂချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို မပြောနဲ့၊ ဝိပဿနာချမ်းသာလေးတောင် ချမ်းသာလှပြီမဟုတ်လား ယောဂီတို့။ မှန်ပါဘုရား။ ၁၉၉၉ ခုနှစ် ဧပြီလကတည်းက Adam Clarke လို့ခေါ်တဲ့ အင်္ဂလိပ်အမျိုးသားတစ်ဦး ဘုန်းကြီးတို့ မှော်ဘီချမ်းမြေ့ရိပ်သာမှာ တရားအားထုတ်လိုကြောင်း လာလျှောက်ပါတယ်။ အသက်က ၂၄ နှစ်ပဲ ရှိသေးတယ်။ ဝိပဿနာတရားကို အားမထုတ်ဖူးသေးကြောင်းလည်း လျှောက်တယ်။ ဘယ်လောက်ကြာ အားထုတ်မလဲလို့ ဘုန်းကြီးက မေးတော့ သုံးပတ်လောက်အားထုတ်လိုကြောင်း လျှောက်ပါတယ်။ ဒါနဲ့ လက်ခံလိုက်ပြီး ဘုန်းကြီးက ကြိုးစားအားထုတ်ဖို့အကြောင်း တိုက်တွန်းလိုက်တယ်။ တိုက်တွန်းတဲ့အတိုင်း ရိုရိုသေသေပဲ ကြိုးစားအားထုတ်ပါတယ်။

၁၅ ရက်လောက်ရှိတဲ့အခါ ဝိပဿနာသမာဓိ တော်တော်အားကောင်းလာပြီး ဝိပဿနာ ဉာဏ်စဉာဏ်နလေးများပါ ရရှိလာပါတယ်။ သုံးပတ်လောက်ရတဲ့အခါမှာ တပည့်တော် ဒီလောက် ချမ်းသာတဲ့ ချမ်းသာမျိုးကို တစ်သက်နဲ့တစ်ကိုယ် မခံစားဖူး မတွေ့မကြုံဖူးပါ ဘုရားလို့ လျှောက်တယ်။ ဒီလိုနဲ့ အဲဒီယောဂီ ဆက်လက်ကြိုး

စားအားထုတ်လိုက်တာ ခုနစ်လကျော်သွားပြီ၊ ခုတိုင်အောင် မထွက်သေးဘူး။ ဝိပဿနာအရသာတွေကို မြိန်မြိန်ရှက်ရှက်ကြီး စားသုံးနေတယ်။ ဒီယောဂီ အားထုတ်ဖို့ရည်ရွယ်လာခဲ့တာက သုံးပတ်တဲ့၊ ယခု ခုနစ်လကျော်သွားပြီ။ ဒီလိုဆိုတော့ ချမ်းသာလို့လား ဆင်းရဲလို့လား ယောဂီတို့။ ချမ်းသာလို့ပါဘုရား။ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ ဟုတ်သေးရဲ့လား၊ မဟုတ်သေးပါဘုရား။ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကိုများ စားသုံးရရင် ဘုန်းကြီးဝတ်မယ် ထင်တယ်။ သေချာပါတယ်ဘုရား။ ဘုန်းကြီးတို့ တရားတော်တွေထဲမှာလည်း ဘယ်လောကီချမ်းသာအရသာနဲ့မှ မနှိုင်းယှဉ်နိုင်တဲ့ ဒီလိုအရသာကောင်း ချမ်းသာကောင်းတွေရှိကြောင်း သိကြဖို့ပါပဲ။

## သောဏကရှာပုံတော်

အဲဒီလိုနဲ့ နှစ်ပေါင်းလေးဆယ်ကြာသွားကြသတဲ့။ တစ်ချိန်ကလေးမှ အရိန္ဒမမင်းဟာ သောဏကကို သတိမရဘူး။ နှစ်ပေါင်းလေးဆယ်ကျော်မှ သူ့သူငယ်ချင်းသောဏကရဲ့ မျက်နှာလေး စိတ်ထဲ ပေါ်လာသတဲ့။ အဲဒီအခါကျမှ "ဩော်... ငါ လိုလိုက်တာ၊ ငါ့ဝတ္ထုရားတွေ ချွတ်ယွင်းလိုက်တာ၊ အမှန်တကယ်က ငါရှင်ဘုရင်ဖြစ်တယ် ဆိုလို့ရှိရင် ဒီသောဏကကို စစ်သူကြီးအရာ၌ ထားရမှာ ငါ့ရဲ့တာဝန်ပါလား၊ အခု ငါ့သူငယ်ချင်း ဘယ်ဆီများရောက်နေပါလိမ့်မလဲ"။ ဒီတော့မှ စိတ်ထဲလွမ်းဆွတ်လာသတဲ့။ "ဒီလိုဆို မဖြစ်ဘူး၊ ငါ့သူငယ်ချင်းကို မတွေ့တွေ့အောင် မြန်မြန်ရှာမှပဲ၊ တွေ့ရင် သူ့ကို စစ်သူကြီးရာထူး ပေးမှဖြစ်မယ်"ဆိုပြီး သူငယ်ချင်းသောဏကကို လိုက်ရှာသတဲ့။ သူကိုယ်တိုင်လည်း ရှာတယ်၊ သူများကိုလည်း အရှာခိုင်းတယ်။ ရှာပေမယ့်လည်း မတွေ့ပါဘူး။

မတွေ့တဲ့အခါ ရှာပုံတော်တေးများ ဖွဲ့စပ်စေပြီး ဂီတစာဆို တော်တွေကို အဆိုနိုင်းမှုဖြစ်တော့မယ်၊ ဒီအဆိုတော်တို့၊ ဇာတ်သူ ဇာတ်သားတို့ဆိုတာ မြို့တိုင်းရွာတိုင်းလည်း ရောက်၊ တောထဲတောင် ပေါ်တွေမှာလည်း ရောက်၊ နေရာတိုင်းမှာ ရောက်ကြတယ်။ ဒီလိုသာ ရှာဖွေရင် ငါ့သူငယ်ချင်းတွေ့ကို တွေ့ရမယ်။ ဒီအတိုင်းရှာမယ်လို့ ဆုံး ဖြတ်ပြီး သောဏကရှာပုံတော်တေးတစ်ပုဒ် စပ်ပါသတဲ့။ "သော ဏက ဘယ်နားမှာရှိပါတယ်" လို့ တစ်ဆင့်စကား ပြောနိုင်တဲ့သူကို ဆုတော်ငွေတစ်ရာချမယ်။ "ကျွန်တော်မျိုးကိုယ်တိုင် တွေ့မြင်ခဲ့ရပါ တယ်" လို့ ပြောနိုင်တဲ့သူကိုတော့ ဆုတော်ငွေတစ်ထောင် ချမယ်။ ဒီ အဓိပ္ပာယ်ပါတဲ့ ဂါထာသီချင်းလေးကို သီကုံးစေပြီး ဂီတစာဆိုများကို ဆိုစေ၍ ရှာဖွေပါတယ်။ ဒါပေမဲ့ ဆယ်နှစ်သာကြာသွားတယ်၊ သူ့ သူငယ်ချင်းကို မတွေ့ရှာပါဘူး။

ဒီအချိန်မှာ ဟိမဝန္တာမှာ သီတင်းသုံးနေတဲ့ အရှင်သောဏက ပစ္စေကဗုဒ္ဓါကလည်း သူ့သူငယ်ချင်းအရိန္ဒမကို စိတ်ထဲ သတိရလာ ပြန်သတဲ့။ "ငါ့သူငယ်ချင်းနဲ့ ကွဲနေတာလည်း နှစ်ပေါင်းငါးဆယ် လောက် ရှိပြီ၊ ငါ့သူငယ်ချင်း အခုရှိန် ဘာတွေများ လုပ်နေပါလိမ့် မလဲလို့ ဉာဏ်နဲ့ဆင်ခြင်ကြည့်လိုက်တော့ ထီးနန်းကိစ္စ၊ တိုင်းရေး ပြည်ရွာကိစ္စများနဲ့ လောကီအာရုံ ကာမဂုဏ်တွေကြား မျောပါနေပါ လား၊ သူ့ဘဝဟာ ဒါနကုသိုလ်လည်း မပြုနိုင်၊ သီလကုသိုလ်လည်း မဆောက်တည်နိုင်၊ ဘာဝနာကုသိုလ်လည်း မပွားများနိုင်၊ ဘာ ကောင်းမှုကုသိုလ်မှ သတိမရဖြစ်နေပြီ။ ဒီလိုနဲ့သာသေရင် ငါ့သူငယ် ချင်းတော့ အပါယ်လေးပါးရောက်မှာ သေချာပြီ။ ငါသွားပြီး သတိ ပေးဦးမှပဲ" ဆိုပြီး ကောင်းကင်ခရီးက ရှာန်ယာဉ်စီးပြီး မင်းဥယျာဉ် အတွင်းမှာရှိတဲ့ ကျောက်ဖျာပေါ်မှာ သီတင်းသုံးနေသတဲ့။

အဲဒီအချိန် ဉယျာဉ်ခြံစည်းရိုးမှာ ထင်းခွေနေတဲ့ ကလေးငယ် တစ်ယောက်က ပြောခဲ့တဲ့ သောဏကရာပုံတော်လေးလေးကို ဆို လိုက်သတဲ့။ အဲဒီသီချင်းသံကို သောဏကပစ္စေကဗုဒ္ဓါအရှင်သူမြတ် ကြားတော့ "ကြည့်စမ်း ငါ့သူငယ်ချင်း အရိန္ဒမမင်း၊ ငါ့ကို တွေ့ချင်တဲ့ ဆန္ဒတွေ သိပ်ပြင်းပြနေပြီ၊ ငါ့ကိုတွေ့ရင် ဆုတော်လာဘ်တော်တွေ တောင် ပေးမယ်ဆိုပါလား။

"ဟဲ့ ကလေးငယ် ဒီကိုလာစမ်းပါဦး၊ မင်း အဲဒီသီချင်း ဘယ်က ရသလဲ ပြောစမ်းပါ" ဆိုတော့ ကလေးငယ်က "ဘယ်က လာတယ် ဆိုတဲ့ ဇာစ်မြစ်ကတော့ တပည့်တော်မသိပါဘူး၊ အမေလည်း ဆို၊ အဖေလည်း ဆို၊ အစ်ကိုအစ်မတွေလည်း ဆို၊ တစ်တိုင်းပြည်လုံး ဆို နေကြတာပါပဲ။ တပည့်တော်လည်း ဆိုလို့ကောင်းတာနဲ့ ဆိုနေတာ ပဲ"လို့ ပြောတော့ "ဒီလိုဆို ကောင်းပြီ၊ မင်းအဲဒီသီချင်းလေးရဲ့အပြန် သီချင်းကိုကော သိရဲ့လား"လို့ မေးတော့ ကလေးငယ်က "ဒါတော့ တပည့်တော် မသိပါဘုရား"။ "မသိရင် မင်းကို ငါပို့ချပေးမယ်၊ ရှင် ဘုရင်ရှေ့သွားရောက်ပြီး ဆိုပါ၊ ဆိုလိုက်ရင် မင်းမှာ ဆုတော်လာဘ် တော်များ ရပါလိမ့်မယ်၊ ကဲ လိုက်ဆိုပါ" ပြောပြီး ["အရှင်မင်းမြတ် တွေ့ချင်မြင်ချင်တယ်ဆိုတဲ့ သောဏကသတို့သားကို ကျွန်တော်မျိုး တွေ့မြင်ခဲ့ပါပြီ၊ ဒါကြောင့် တစ်ဆင့်ကြားရင်ပေးမယ့် ဆုတော်ငွေ တစ်ရာနဲ့ ကိုယ်တိုင်မြင်ခဲ့ရင် ပေးမယ်ဆိုတဲ့ ဆုတော်ငွေတစ်ထောင် နှစ်ရပ်ပေါင်းလို့ရှိရင် တစ်ထောင့်တစ်ရာသော ဆုငွေတို့ကို ကျွန် တော်မျိုးအား ပေးသနားပါ"]လို့ အဓိပ္ပာယ်ပါတဲ့ အပြန်သီချင်းကို ပို့ချပေးလိုက်သတဲ့။

ကလေးငယ်ဟာ ကပျာကယာနဲ့ အိမ်ပြန် ရေမိုးချိုး သနပ်ခါး လိမ်း၊ အဖေအမေတွေခေါ်ပြီး ရှင်ဘုရင်ထံ သွားတယ်။ သွားတဲ့အခါ ရှင်ဘုရင်က "ဟော့ ကလေးငယ်၊ ဘာကိစ္စနဲ့ လာသလဲ" လို့ မေး တယ်။ မေးတဲ့အခါ "အရှင်မင်းမြတ်၊ ဘုန်းကြီးတစ်ပါးက ကျွန်တော် မျိုးကို သီချင်းတစ်ပုဒ် သင်ပေးလိုက်ပါတယ်၊ အဲဒီသီချင်းကို မင်းရှင် ဘုရင်ထံ သွားရောက်ဆိုပြပါ၊ ဆိုပြလို့ရှိရင် ဆုတော်ငွေ တစ်ထောင့် တစ်ရာရမယ်လို့ ပြောပါတယ်၊ အဲဒါကြောင့် ကျွန်တော်မျိုး လာခဲ့ပါ တယ်"

"ဘာသီချင်းများလဲကွဲ့"၊ "အရှင်မင်းမြတ်တစ်ယောက်တည်း ရှေ့မှာ ဆိုလို့မဖြစ်ပါဘူး၊ ဒီသီချင်းနားထောင်ချင်ရင် အားလုံးသော တိုင်းသူပြည်သားတွေကို မောင်းခတ်ပြီးခေါ်ပါ၊ အားလုံး တိုင်းသူ ပြည်သားတွေ စုံတဲ့အချိန် ကျွန်တော်မျိုးဆိုပြပါမယ်"

အဲဒီလိုပြောတော့ ရှင်ဘုရင်ကလည်းပဲ သူငယ်ချင်းကို တွေ့လို မြင်လိုတဲ့ဆန္ဒက သိပ်ပြင်းပြနေတော့ ဒီကလေးငယ် ငါ့သူငယ်ချင်း ကို တွေ့လာတာဖြစ်မယ်ဆိုပြီး ချက်ချင်းပဲ တိုင်းသူပြည်သားအား လုံးကို မောင်းခတ်ခေါ်စေပါတယ်။ တိုင်းသူပြည်သားအားလုံး စုံ သည်နှင့်တစ်ပြိုင်နက် နန်းရင်ပြင်မှာ ကလေးကို သီချင်းဆိုခိုင်းတယ်။ အဲဒီတော့ ကလေးက အရှင်မင်းမြတ်က မေးပါ၊ ကျွန်တော်မျိုးက ဖြေပါ့မယ်လို့ ပြောတော့ ရှင်ဘုရင်က အထက်ပါ အမေးသီချင်းလေး ကို ရွတ်ဆိုပြလိုက်ပါတယ်။ ကလေးကလည်း အဖြေသီချင်းလေးကို ဆိုပြလိုက်ပြီး ဆုတော်ငွေတစ်ထောင့်တစ်ရာကို တောင်းပါတယ်။

## လောကီဥစ္စာနဲ့ လောကုတ္တရာဥစ္စာ ကွာခြားပုံ

အဲဒီတော့ ရှင်ဘုရင်ကြီးက "ကောင်းပါပြီ၊ မင်းတောင်းတဲ့ ဆုတော်ငွေ တစ်ထောင့်တစ်ရာကို ငါပေးပါ့မယ်၊ ငါ့ကိုလဲပဲ သောဏက သတို့သားထံ လိုက်ပြီးပို့ပါ" လို့ဆိုတော့ ကလေးငယ်ဟာ အားလုံးသော တိုင်းသူပြည်သားတွေကို ရှေ့ဆောင်ပြုပြီး မင်းဥယျာဉ်ထဲ ကျောက်ဖျာကြီးပေါ်မှာ သီတင်းသုံးနေတော်မူတဲ့ သောဏက ပစ္စေကဗုဒ္ဓါထံ ခေါ်သွားတယ်။ အရိန္ဒမမင်းသားဟာ အနားရောက်လို့ ထိုင်ပြီးသာဝတ်ချလိုက်ရတယ်။ သူ့သူငယ်ချင်းကို သူမမှတ်မိရှာမသိရှာပါဘူး။ မသိရှာတော့ အရိန္ဒမမင်းကြီးက နူတ်က ထုတ်ပြီး "ဘယ်မှာလဲကွဲ့ ငါ့သူငယ်ချင်းသောဏက၊ ဒီလို ခေါင်းကပြောင်ပြောင်၊ သင်္ကန်းက မည်းမည်း၊ မျက်နှာမဲ့ကြီးနဲ့ သူဟာ ဘယ်က ငါ့သူငယ်ချင်း ဟုတ်ရမှာလဲ၊ ဘယ်က အထီးကျန်မွဲ သူဆင်းရဲကြီးမှန်း မသိပါဘူး" လို့ ပြောလိုက်သတဲ့။

အရိန္ဒမမင်းရဲ့ ဒီလိုပြောလိုက်တဲ့အသံကို သောဏကပစ္စေကဗုဒ္ဓါ အရှင်သူမြတ်က ကြားတဲ့အခါ "အသင်မင်းကြီး၊ အသင်မင်းကြီး ထင်သလို ငါဟာ အထီးကျန်မွဲ သူဆင်းရဲတစ်ယောက် မဟုတ်ပါဘူး၊ သင့်မှာ လောကီဥစ္စာရတနာတွေ ရှိသလို ငါ့မှာလဲပဲ လောကုတ္တရာ ဥစ္စာ ရတနာတွေ ရှိပါတယ်၊ ဒါကြောင့် ငါဟာ လူချမ်းသာတစ်ယောက်ပါ" လို့ ပြန်ပြောလိုက်သတဲ့။ ဒီနေရာမှာ ယောဂီတို့ သတိပြုစရာက ပစ္စည်းဥစ္စာဆိုတာ လောကီပစ္စည်းဥစ္စာနဲ့ လောကုတ္တရာ ပစ္စည်းဥစ္စာလို့ နှစ်မျိုးနှစ်စားရှိပါတယ်။ လောကီဥစ္စာဆိုတာက စိန်ရွှေငွေ ကျောက်သံပတ္တမြားတွေနဲ့ ဆင်မြင်းကျွဲနွား စသည်တို့ကို ဆိုလိုတယ်။ လောကုတ္တရာဥစ္စာ ရတနာဆိုတာကတော့ -

၁။ ရတနာသုံးဖြာနဲ့ ကံ ကံရဲ့အကျိုးကို ယုံကြည်မှု သဒ္ဓါတရား။
၂။ ကိုယ်နှင့်နှုတ်ကို စောင့်စည်းထိန်းသိမ်းမှု သီလတရား။
၃။ အကြားအမြင်များမှု သုတတရား။
၄။ စွန့်ကြဲပေးကမ်းမှု စာဂတရား။
၅။ အမှန်တရားကို သိနိုင်မြင်နိုင်တဲ့ ပညာတရား။
၆။ မကောင်းမှုပြုရမှာကို ရှက်တတ်တဲ့ ဟိရီတရားနဲ့
၇။ မကောင်းမှုပြုရမှာကို ကြောက်လန့်တတ်တဲ့ ဩတ္တပ္ပတရားများ ဖြစ်ပါတယ်။

အဲဒီ လောကီဥစ္စာနဲ့ လောကုတ္တရာဥစ္စာနှစ်မျိုးဟာ ဘယ်လိုကွာခြားပါသလဲဆိုရင် လောကီဥစ္စာက ဘုံဆိုင်ပစ္စည်းဖြစ်ပြီး လောကုတ္တရာဥစ္စာကတော့ ကိုယ်ပိုင်ပစ္စည်းဥစ္စာဖြစ်ပါတယ်။

သိသာအောင် ထပ်ပြောပါဦးမယ်။ လောကီဥစ္စာဆိုတာမျိုးဟာ မိမိကိုယ်တိုင် ရှာဖွေစုဆောင်းပြီး လက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင်ထားရလို့ ငါပိုင်တယ် ငါ့ဆိုင်တယ်ဟု ပြောနေပေမယ့် အဲဒီလောကီဥစ္စာများကို သားသမီးကလည်း သုံးဆောင်ကြတယ်။ ဆွေမျိုး ညာတကာတွေကလည်း သုံးဆောင်ကြတယ်။ ရန်သူမျိုးငါးပါးကလည်း သုံးဆောင်ဖျက်ဆီးကြပါတယ်။ ကိုယ်မရှိတဲ့တစ်နေ့ကျတော့လည်း ကျန်ရစ်သူ သားတွေ သမီးတွေ၊ ဆွေတွေ မျိုးတွေ၊ ညီအစ်ကို မောင်နှမ၊ တူ တူမ မြေးမြစ်တွေက ခွဲယူသုံးဆောင်ကြပါမယ်။ မင်းစိုးရာဇာတွေကလည်း သိမ်းပိုက်ကြမယ်၊ သုံးဆောင်ရစ်ကြမယ်။

ဒီလိုဆိုတော့ ဒီပစ္စည်းဥစ္စာတွေဟာ ကိုယ်ပိုင်ဟုတ်ပါရဲ့လား။ မဟုတ်ပါဘုရား။ လောကုတ္တရာဥစ္စာလို့ခေါ်တဲ့ သဒ္ဓါ သီလ အစရှိတဲ့

ကုသိုလ်တရားတွေကတော့ ကိုယ်ပိုင်ပစ္စည်းတွေ ဖြစ်တယ်။ ကိုယ်ပြုထားတဲ့ ဒါန သီလ ဘာဝနာ ကုသိုလ်တရားတွေကို ဘယ်သားဘယ်သမီးတွေမှ လုယူလို့မရပါဘူး။ ဘယ်ရန်သူမှလည်း ဖျက်ဆီးလို့ မရပါဘူး။ အင်မတန်မှ စစ်မှန်တဲ့ ကိုယ်ပိုင်ပစ္စည်းတွေ ဖြစ်ပါတယ်။ ဒါကြောင့် လိုက်ဆိုကြပါဦး။

*"လောကီဥစ္စာ ရတနာ မှတ်ပါ ဘုံဆိုင်ပစ္စည်းတည်း၊*
*လောကုတ္တရာ ရတနာ မှတ်ပါ ကိုယ်ပိုင်ပစ္စည်းတည်း။"*

လောကီဥစ္စာများဟာ ဥစ္စာရှင်ဖြစ်တဲ့ မိမိကိုယ်ကို နေ့အခါမှာ ပျော်ရွှင်စေတယ်၊ မြှောက်ပင့်ပေးတယ်။ ဘယ်လိုများ မြှောက်ပင့်ပေးသလဲဆိုတော့ ဒီပစ္စည်းဒီဥစ္စာတွေ ဝတ်ဆင်ပြီး လူကြားသူကြားပရိသတ်အလယ်မှာ သွားလာတဲ့အခါ အဲဒီပစ္စည်းဥစ္စာများက မြှောက်ထားလိုက်တာ တစ်ချိန်လုံးပြုံးလို့ ပျော်လို့ ရယ်မောလို့ မော်ကြွားလို့ကို မကုန်တော့ဘူး။ သူဌေးကြီး ကြွပါ၊ သူဌေးကတော်ကြီး လာပါ၊ စားပါသောက်ပါ စသည်ဖြင့် မြှောက်ပင့်၍ ခေါ်ဆိုမှုဖြင့် မြေကြီးပေါ်ကို ခြေထောက်ကျတယ်မထင်တော့ဘူး၊ ဒါဟာ လောကီဥစ္စာများက မြှောက်ထားလို့ပါပဲ။

ဒီလိုနဲ့ ပွဲပြီးလို့ အိမ်ပြန်ရောက်တဲ့အခါ ညမိုးချုပ်လို့ မီးမှိတ်လိုက်တာနဲ့ ဒီဥစ္စာတွေက မိမိကို ခြောက်တော့တာပဲ။ ဥစ္စာက ခြောက်တော့ သူဌေးကြီး သူဌေးကတော်ကြီးတွေခမျာ ခွေးဟောင်သံကြားတိုင်း လန့်နိုးတယ်။ ချွတ်ချွတ်သံကြားတိုင်း ချောင်းဟန့်ကြရတယ်၊ အသံပေးကြရတယ်၊ ထကြည့်ကြရတယ်။ လူရိပ်မြင်တိုင်း သူခိုးလား ဓားပြလား အနကြမ်းလားဟဲ့လို့တွေးပြီး အိပ်လို့ကို မပျော်

ဘဲ ကြောက်လန့်ကြရ စိုးရိမ်ကြရတယ်။ ဒူးတုန်ရင်ခုန်ကြရတယ်။ ဘယ်သူက ခြောက်နေတာလဲ ယောဂီတို့။ ပစ္စည်းဥစ္စာကပါဘုရား။

ဘုန်းကြီးတို့ လောကုတ္တရာဥစ္စာ ရတနာများကျတော့ ဥစ္စာရှင်ရဲ့ဘဝကို နေ့ရောညပါ ပျော်စေတယ်၊ ချမ်းသာစေတယ်။ ပျော်စေချမ်းသာစေပုံက ဒီလိုပါ။ ဒါနကုသိုလ်တစ်ခု ပြုလုပ်လိုက်တယ် ဆိုပါစို့။ မိမိပြုလုပ်လိုက်တဲ့ အဲဒီဒါနကုသိုလ်က မိမိဘဝကို ပြုလုပ်ဆဲမှာလည်း ပျော်ရွှင်စေတာပဲ။ သီလဆောက်တည်၊ ဆောက်တည်ခိုက်မှာလည်း ပျော်၊ ဘာဝနာပွား ပွားရင်းလည်း ပျော်၊ ဝေယျာဝစ္စကုသိုလ်ပြု ပြုနေစဉ်မှာလည်း စိတ်ကို ပျော်ရွှင်ပြီးနေစေတယ်။ ခန္ဓာတော့ ပင်ပန်းပါတယ်။ ဒါပေမဲ့ စိတ်က ပျော်နေတယ်။ တရားနာပြန်လည်း တရားနာရင်း ကုသိုလ်စိတ်ကလေးတွေနဲ့ ပျော်ပြီးနေပါတယ်။ အချိန်ကုန်လို့ အိမ်ပြန်ညအိပ်ကြပြန်တော့လည်း အိပ်မပျော်ခင် ဒီကုသိုလ်တွေကို ပြန်ဆင်ခြင်မိမယ်၊ ဆင်ခြင်စဉ်းစားမိတဲ့အချိန် စိတ်ထဲမှာ ပျော်လာတယ်။ ဘယ်အချိန် ဆင်ခြင်ဆင်ခြင် ဆင်ခြင်မိတဲ့အချိန် စိတ်ထဲမှာ ပျော်လာတယ်။

အချို့ပုဂ္ဂိုလ်တွေများ ညအိပ်ရင်းတောင်မှ အိပ်မက်ထဲမှာ ဒါနပြုနေရတယ်၊ သီလဆောက်တည်နေရတယ်၊ တရားမှတ်နေရတယ်၊ ဘုရားဖူးနေရတယ် စသည်ဖြင့် အိပ်မက်မက်လို့ ပျော်ရွှင်နေကြတယ်။ ဒီလိုနည်းနဲ့ လောကုတ္တရာဥစ္စာ ရတနာတွေဟာ နေ့ရောညပါ ဘယ်တော့မှမဆင်းရဲဘူး၊ ခုရော သံသရာပါ ပျော်စေနိုင်ပါတယ်။ နောက်တစ်ပုဒ်ဆိုလိုက်ကြပါဦး။

*နေ့အခါမြှောက် ညမှာခြောက်၊*
*ရွံ့ကြောက်ဖွယ်ရာ လောကီပါ။*
*နေ့မှာလည်းပျော် ညမှာပျော်၊*
*နှစ်ဖော်ချမ်းသာ လောကုတ္တရာ။*
*တစ်ဘဝအကျိုး သယ်ဆောင်ပိုး၊*
*တန်ခိုးနည်းရှာ လောကီပါ။*
*ဘဝများမြောင် ချမ်းသာဆောင်၊*
*မြင့်ခေါင်လှစွာ လောကုတ္တရာ။*

လောကီဥစ္စာရတနာများကျတော့ တစ်ဘဝအကျိုးပဲ သယ်ပိုးဆောင်ရွက်နိုင်သတဲ့၊ စည်းစိမ်ဥစ္စာကလည်းပေါ၊ ဂုဏ်ကလည်းရှိ၊ ဒီလိုဆိုတော့ သူ့အတွက် ဒီဘဝစားဝတ်နေရေး အဆင်ပြေမယ်။ ကျန်းမာရေးအတွက် အထောက်အကူဖြစ်မယ်၊ သွားလာနေထိုင်ရတာ မပင်ပန်းဘူး။ လောကအလယ်မှာ ထည်ထည်ဝါဝါနေနိုင်တယ်။ ဒီလောက်တော့ ကျေးဇူးပြုပါတယ်။ တစ်ဘဝအတွက်တော့ အတော်အတန် ချမ်းသာပါတယ်။

နောင်တမလွန်ဘဝရောက်တဲ့အခါမှာတော့ လောကီစည်းစိမ်ဥစ္စာတွေဟာ လူချမ်းသာ နတ်ချမ်းသာရအောင် မပေးနိုင်ပါဘူး။ အပါယ်မကျအောင် မစောင့်ရှောက်နိုင်ပါဘူး။ အိုနာသေရေး ဒုက္ခဘေးက ကင်းဝေးအောင်ဆိုတာကတော့ လုံးဝမဖြစ်နိုင်ပါဘူး။ တချို့လူတွေဆိုရင် ဒီလောကီဥစ္စာတွေစွဲလမ်းမှုနဲ့ သေသွားကြလို့အပါယ်ငရဲရောက်ကြ၊ ပြိတ္တာဖြစ်ကြနဲ့ များစွာသောဆိုးကျိုးတွေ ရကြရပါတယ်။ သိပ်ကြောက်စရာကောင်းပါတယ်။ သဒ္ဓါ သီလ စတဲ့ လောကုတ္တရာ ဥစ္စာတွေကတော့ ဒီဘဝလည်း ချမ်းသာစေနိုင်တယ်။

တမလွန်ဘဝရောက်တော့လည်း လူ့ပြည်နတ်ပြည်မှာ အသက်ရှည်အောင်၊ အဆင်းလှအောင်၊ ချမ်းသာကြီးအောင်၊ ဉာဏ်ပညာကြီးအောင်၊ ဘုန်းတန်ခိုးကြီးအောင် ဆောင်ရွက်နိုင် ကျေးဇူးပြုနိုင်ပါတယ်။ နောက်ဆုံး မိမိရဲ့ဘဝကို အို နာ သေဘေးက လွတ်သည့်အထိလည်း ဆောင်ရွက်ပေးနိုင် ကူညီပေးနိုင်ပါတယ်။ လောကီဥစ္စာများနှင့် လောကုတ္တရာဥစ္စာများဟာ အဲဒီလောက်အထိ ကွဲပြားခြားနားပါတယ် ယောဂီတို့။

ဒါကြောင့် သောဏကာပစ္စေကဗုဒ္ဓါက ချစ်လှစွာသော သူငယ်ချင်း အရိန္ဒမမင်းကို အဲဒီလောကီဥစ္စာရတနာတွေကို စွန့်ခွာပြီးတော့ လောကုတ္တရာဥစ္စာ ရတနာတွေကို အပိုင်ရယူဖို့ သက်န်းဝတ်ပြီး တောထွက်ပါလို့ တိုက်တွန်းနေတယ်။ တကယ်လို့များ ရဟန်းပြုလိုက်မယ်ဆိုရင် ရဟန်းတို့ရဲ့ချမ်းသာသုခရှစ်မျိုးကို ရရှိနိုင်ကြောင်းလည်း ပြောပြီး ရဟန်းတို့ခံစားခွင့်ရတဲ့ ရဟန်းများရဲ့ ချမ်းသာသုခရှစ်မျိုးကိုလည်း ဆက်လက်ဟောပြောပြန်ပါတယ်။

**ရဟန်းတို့၏ ချမ်းသာရှစ်ပါး**

ရဟန်းတို့ရဲ့ချမ်းသာသုခရှစ်မျိုးဆိုတာ –

(၁) ဥစ္စာစပါး သိမ်းဆည်းမှုမရှိခြင်း၊

(၂) အပြစ်ကင်းသောဆွမ်းကိုသာ ရှာမှီးခြင်း၊

(၃) ဆင်ခြင်မှုဉာဏ်၊ ရှုမှတ်မှုသတိကြောင့် ကိလေသာအပူအပန်မရှိ အေးငြိမ်းသောဆွမ်းကိုသာ ဘုဉ်းပေးသုံးဆောင်ရခြင်း၊

(၄) တိုင်းပြည်အတွင်း မင်းစိုးရာဇာတို့ အတင်းအကြပ်အခွန်အတုတ် ကောက်ယူတဲ့အခါမှာလည်းကောင်း၊ ရွှေငွေ

ဥစ္စာတို့ကို မင်းဘဏ္ဍာအဖြစ် သိမ်းယူသောအခါမျိုး၌လည်းကောင်း တိုင်းသူပြည်သားများ ခံစားကြရသည့် ပင်ပန်းနွမ်းနယ်မှုမျိုး မရှိခြင်း၊ မခံစားရခြင်း၊

(၅) အဆောက်အအုံ အသုံးအဆောင် အဆင်တန်ဆာ စသည်တို့၌ တပ်မက်မှုကင်းခြင်း၊

(၆) လူဆိုးသူခိုးတို့ လုယက်တိုက်ခိုက် ဖျက်ဆီးသောအခါမျိုး၌ (မိမိမှာ ရွှေငွေဥစ္စာမရှိသဖြင့်) ကြောက်ရွံ့မှုမရှိခြင်း၊ ထိတ်လန့်မှုမဖြစ်ရခြင်း၊

(၇) မင်း၊ မင်း၏အမတ်ကြီးတို့နှင့် မရောနှောခြင်း၊

(၈) အရပ်လေးမျက်နှာတို့၌ အပိတ်အပင် အဆီးအတားမရှိ (သွားလိုရာ သွားနိုင်) ခြင်းတို့ ဖြစ်ပါတယ်။

ဒါလေးတွေကို တိပိဋကမင်းကွန်းဆရာတော်ဘုရားကြီးက လင်္ကာသီကုံးထားတယ်။ အဲဒီလင်္ကာလေးတွေကို ယောဂီတို့ လိုက်ဆိုကြပါဦး။

*ဥစ္စာစပါး သိမ်းမထား၊ ရှေ့ဖျားသာမကာ မြတ်သုခ၊*
*အပြစ်ကင်းကွာ ဆွမ်းကိုရှာ၊ ဤမှာသာမကာ မြတ်သုခ၊*
*ဆင်ခြင်ဉာဏ်ရှေး ဆွမ်းတော်အေး ဘုဉ်းပေးသာမကာမြတ်သုခ၊*
*ပြည်ပိုင်စိုးမင်း တုတ်ခွန်သွင်း၊ လွတ်ကင်းသာမကာ မြတ်သုခ၊*
*အဆောက်အဦ ငါ့ပါဘာဟူ၍ လူ့နယ်နိုင်းစက် မတပ်မက်၊*
*မှတ်ချက်သာမကာ မြတ်သုခ၊*
*ခိုးယူလုယက် ဘေးနိပ်စက်၊ လွတ်ထွက်သာမကာ မြတ်သုခ၊*
*မှူးမတ်စိုးမင်း ရောယှက်ကင်း၊ ငြိမ်းခြင်းသာမကာ မြတ်သုခ၊*
*လေးမျက်နှာရပ် မတားအပ်၊ လွတ်လပ်သာမကာ မြတ်သုခ၊*

နွံနစ်နေသည့်ဆင်ကြီးပမာ

ဒီလို တိုက်တွန်းတရား ဟောကြားတဲ့အခါ အရိန္ဒမမင်းကြီး ခမျာ အဖန်ဖန်စဉ်းစားပြီးတော့ သောဏကအရှင် ပစ္စေကဗုဒ္ဓါကို ဒီလိုလျှောက်သတဲ့။ "မှန်လှပါဘုရား၊ အရှင်ဘုရားရဲ့ စေတနာနဲ့ မေတ္တာကိုတော့ တပည့်တော် လေးစားပါတယ်၊ တိုက်တွန်းနှိုးဆော် နေတာကိုလဲ ဘုရားတပည့်တော် နားလည်သဘောပေါက်ပါတယ်၊ ဝမ်းလဲသာပါတယ်၊ ကျေးဇူးလဲ တင်ပါတယ်၊ ဒါပေမဲ့ ဘုရားတပည့် တော်ရဲ့ဘဝဟာ နွံထဲနစ်နေတဲ့ ဆင်ပြောင်ကြီးလိုဖြစ်နေပါပြီဘုရား။

နွံထဲမှာ နစ်နေတဲ့ ဆင်ပြောင်ကြီးဟာ နစ်မြှုပ်နေတဲ့ ခြေ ထောက်တွေကို ဆွဲနှုတ်မယ်ဆိုပြီး လက်နှစ်ဖက်ကိုထောက်ပြီး အား ကုန် ရုန်းလိုက်တယ်။ ရုန်းလိုက်တော့ လက်တွေက နွံထဲနစ်သွား ပြန်တယ်။ တစ်ဖန် နွံထဲနစ်နေတဲ့လက်တွေကို ဆွဲနှုတ်မယ်ဆိုပြီး ခြေထောက်နှစ်ချောင်းထောက်လို့ အားသွန်ခွန်စိုက် ရုန်းလိုက်ကန် လိုက်ပြန်တယ်။ ရုန်းလိုက်တဲ့အခါ ခြေထောက်တွေပါ နွံထဲနစ်သွား တယ်။ နွံထဲနစ်နေတဲ့ ခြေတွေလက်တွေကို ဆွဲနှုတ်မယ်ဆိုပြီးတော့ ခေါင်းနဲ့စိုက်ရုန်းလိုက်ပြန်တယ်။ ဒီလိုရုန်းလိုက်တော့ ခေါင်းပါ နွံထဲ နစ်သွားပြန်တယ်။ ဒီလိုနဲ့ နွံထဲမှာမြှုပ်နေတဲ့ ဆင်ကြီးဟာ လှုပ်လေ မြှုပ်လေ လှုပ်လေမြှုပ်လေဆိုသလိုပဲ ဘုရားတပည့်တော်ရဲ့ဘဝက လည်း လှုပ်လေမြှုပ်လေဖြစ်နေပါပြီ ဘုရား။ တပည့်တော်မရှိရင် ဒီ တိုင်းသူပြည်သားတွေ စားဝတ်နေရေး ကျန်းမာရေးအတွက် ဒုက္ခ ရောက်ကုန်ကြပါလိမ့်မယ်ဘုရား။ ဒါကြောင့် တောထွက်ရဟန်းပြုဖို့ ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူးဘုရား" လို့ ငြင်းပယ်ရှာသတဲ့။ ဒီနေရာမှာ ယောဂီတို့ကို စကားလေးနည်းနည်းပြောချင်ပါတယ်။

တပည့်တော်မရှိရင် မဖြစ်ဘူး၊ ငါမရှိရင် မလွယ်ဘူးဆိုတဲ့ ဒီအထင်တွေဟာ အရိန္ဒမမင်းသာ ပြောဆိုထင်မှားနေတာမဟုတ်ပါဘူး။ အများပြောနေကြတဲ့စကား၊ အများထင်နေကြတဲ့ အထင်တွေပါ။ ဘုန်းကြီးကတော့ ဒီလိုမထင်ဘူး။ ငါမရှိလည်း ဖြစ်မှာပဲ။ လောကမှာ ငါ့ထက်ဘုန်းကံရှိတဲ့ပုဂ္ဂိုလ်တွေ၊ လုပ်ရည်ကိုင်ရည်ရှိတဲ့ပုဂ္ဂိုလ်တွေ၊ အမြော်အမြင်ကြီးတဲ့ပုဂ္ဂိုလ်တွေ ဒုနဲ့ဒေး ရှိနေကြတယ်။ ဒီလိုပုဂ္ဂိုလ်တွေ ဆက်လက်လုပ်ကိုင်သွားကြလိမ့်မယ်။ အဲဒီအခါ ငါရှိတာထက်တောင် တိုးတက်ကြီးပွားလာလိမ့်မယ်လို့ သဘောပေါက်ထားတယ်။ ဒီ ငါမရှိရင်မဖြစ်ပါဘူးဆိုတဲ့ စကားသံတွေဟာ မေတ္တာကရုဏာသံလို့ ထင်ရသော်လည်း အမှန်မှာ တဏှာဥပါဒါန်ရဲ့အသံပဲ ဖြစ်ဖို့များတယ်။

ဒီအကြောင်းပြချက်ကြောင့်ပဲ သတ္တဝါတွေဟာ မိမိရဲ့ဘဝလွတ်မြောက်မှု၊ ဘဝလွတ်လပ်မှု၊ ဘဝချမ်းသာမှု၊ ဘဝတိုးတက်မှုများအားလုံး လက်လွတ်ခံကြရတယ်။ ငါရှိနေလို့ ပတ်ဝန်းကျင်လောကကြီး ကြုံနေရတဲ့အခက်အခဲတွေ အများကြီးရှိနေတာကို သတိပြုမိကြပါစေ။ ဒါကြောင့် ငါမရှိအောင်၊ ငါပြုတ်အောင်၊ ငါသေအောင် ပြုလုပ်ဆောင်ရွက်ကြပါ။

## ဆင်သေကိုစီးလိုက်တဲ့ ကျီးမိုက်

အရိန္ဒမမင်းက အတန်တန်ငြင်းပယ်နေပေမယ့် လက်မလျှော့ဘဲ "အသင်မင်းကြီး၊ ငါပြောမယ် နားထောင်ပါဦး၊ လောကီအာရုံကာမဂုဏ်တွေ စွန့်ခွာလို့ တောထွက်ရဟန်းပြုပြီး ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ်တွေကို ပြုနိုင်တာ မပြုနိုင်တာကတော့

သင့်တာဝန်ပါ၊ တိုက်တွန်းရမယ့်ကိစ္စက ငါ့တာဝန်ပါ။ ဒါကြောင့် တရားတစ်ပုဒ်ကို နောက်ဆုံးအနေနဲ့ ဟောဦးမယ်။ သတိထားပြီး စူးစူးစိုက်စိုက်နားထောင်ပါ။

မင်းကြီး ရှေးက ကျီးမိုက်လေးတစ်ကောင်ဟာ ကောင်းကင်ခရီးက ပျံသန်းသွားရင်းနဲ့ ဂင်္ဂါမြစ်ပေါ် ရောက်လာသတဲ့။ ဒီအခါ ဂင်္ဂါမြစ်ထဲမှာ ဆင်သေကြီးတစ်ကောင်ကလည်း ဂင်္ဂါမြစ်ရေအဟုန်ကြားမှာ ပေါလောပေါလောနဲ့ မျောပါလာသတဲ့။ ဒါကို ကျီးမိုက်ကလေးက မြင်လိုက်တော့ ထိုးဆင်းပြီး နားလိုက်တယ်။ ပထမ ဆင်သေရယ်လို့ သူမသိရှာဘူး။ မည်းမည်းမြင်လို့သာ ခိုနားစရာလို့ထင်၍ ထိုးဆင်းနားလိုက်တာ ထင်ပါရဲ့။ နားမိမှပဲ ဆင်သေကောင်ကြီးဖြစ်မှန်း သူသိသတဲ့။ သိလည်းသိရော သူ့စိတ်ထဲမှာ ဝမ်းသာလို့ မဆုံးဘူးတဲ့။ "ငါ ကံကောင်းလိုက်တာ၊ ရေငတ်တုန်း ရေတွင်းထဲကျ" ဆိုသလိုဖြစ်နေပြီ။ ကြည့်စမ်း အခု ငါ့မှာ စားစရာ ဆင်သေကောင်ကြီးလည်း ရပြီ၊ ဂင်္ဂါမြစ်ရေကြောမှာ တငြိမ့်ငြိမ့်နဲ့ စီးပြီးသွားဖို့ရာ ယာဉ်ကြီးလည်း ရပြီ၊ ဆာရင်သောက်ဖို့ရာ ရေကလည်း ဂင်္ဂါမြစ်ထဲမှာ အရန်သင့်ရှိနေပြီ။ ဘယ်အရေးနဲ့မှ စိတ်မဆွေးရတော့ဘူးလို့ တွေးပြီး ကျီးမိုက်ကလေးဟာ နေ့လည်း ဒီဆင်သေကောင်ကြီးကိုစီးပြီး ပျော်၊ ညလည်း ဒီဆင်သေကောင်ကြီးကို စီးလို့ ပျော်၊ မိုးရွာရွာ နေပူပူ ဆင်သေကောင်ကြီးပေါ်မှာ ပျော်ပျော်ရွှင်ရွှင်နဲ့ အမြဲတမ်းစီးလိုက်သွားသတဲ့။ တစ်ခါတလေ ငါကဲ့သို့သောသူ ဤဇမ္ဗူတစ်ခွင်မှာ ရှိရိုးလားဆိုတဲ့ မာနလေးတွေတောင် ဖြစ်ပေါ်လာသေးသတဲ့"။

## အားကိုးလွဲလို့ သေပွဲဝင်

ဒီလိုနဲ့ ကျီးမိုက်ကလေးဟာ ဂင်္ဂါမြစ်ရေကြောမှာ ဆင်သေကောင်ကြီးကို စီးလိုက်သွားရင်း လမ်းမှာ သူ့အတွက် အမှန်တကယ်အားကိုးရမယ့် ချုံတွေ၊ တောတွေ တောင်တွေ၊ ဘုရားကျောင်းကန်တွေ၊ သစ်ပင်ဝါးပင်တွေ မြင်တွေ့ပါတယ်။ ဒါပေမဲ့ ဒီနေရာတွေဟာငှက်ရဲ့ခိုကိုးရာအစစ်အမှန်နေရာတွေပါလား၊ ခိုင်မြဲတဲ့အားကိုးရာ မှီခိုရာတွေပါလားလို့ ကျီးမိုက်ကလေးခမျာ မသိရှာဘူး။ ကျီးမိုက်ကလေးရဲ့စိတ်ထဲမှာ ဆင်သေကောင်ကြီးကိုမှ အားကိုးရာအစစ် အားထားရာ အမှန်၊ မှီခိုရာအစစ် အနှစ်သာရအမှန်ထင်ပြီး အထင်ကြီးနေရှာသတဲ့။

ကျီးမိုက်ကလေးဟာ အားကိုးရာအစစ်နဲ့ အတုကို ကွဲကွဲပြားပြား မသိရှာ သဘောမပေါက်ရှာဘူးပေါ့။ မသိရှာတော့ ဘယ်သောင်ဘယ်ကမ်း၊ ဘယ်သစ်ပင်၊ ဘယ်တောတောင်ကိုမှ မခိုနားဘဲ ဆင်သေကောင်ကြီးကိုပဲ တစိုက်မတ်မတ်စီးသွားလိုက်တာ ရက်တွေကြာညောင်းလာတော့ ကမ်းမမြင်လမ်းမမြင်တဲ့ သမုဒ္ဒရာထဲကို ရောက်သွားရှာသတဲ့။

သမုဒ္ဒရာထဲရောက်တော့ ဆင်သေကပုပ်၊ ဝဲကစုပ်၊ လှိုင်းတွေက ရိုက်ခတ်၊ ငါးတွေကဟပ်ဆိုတော့ ဆင်သေကောင်ကြီးဟာ အရိုးချည်း ကျန်ပြီး ရေထဲမြုပ်သွားပါသတဲ့။ ဒီအခါကျမှ ကျီးမိုက်ကလေးဟာ ခိုကိုးရာမဲ့ပြီး ခိုကိုးရာအစစ်ကို ရှာပါသတဲ့။ အရှေ့ဘက်ဆီ ပျံသန်းကာ အားကိုးရာအစစ်အမှန်ဖြစ်တဲ့ သောင်ရှာ ကမ်းရှာ သစ်ပင် ဝါးပင်တွေ ရှာတယ်။ တောင်ဘက် မြောက်ဘက် အနောက်ဘက်တွေကို ပျံသန်းပြီး ရှာတယ်။ ဘယ်လိုပင်ရှာသော်လည်းပဲ

ကမ်းမမြင်လမ်းမမြင် သမုဒ္ဒရာရဲ့အလယ်ဖြစ်လို့ ခိုကိုးရာအစစ် အမှန်ဖြစ်တဲ့ သောင်တွေကမ်းတွေကို မတွေ့ရှာဘူးတဲ့။ မတွေ့ဘဲ အတောင်ညောင်းလို့ ရေထဲကျသေပြီး ငါးစာ မကန်းစာ ဖြစ်ရရှာ သတဲ့။

ဒါကို မဃဒေဝဆရာတော်ကြီးက ...

"ကျီးနက်မိုက်ခေါင်၊ ဆင်သေကောင်ထက်၊ သောင်သို့မလှမ်း၊ ကမ်းသို့မတက်၊ အပုပ်မက်၍၊ စီးလျက်စားကာ၊ လိုက်လေပါက၊ သမုဒ္ဒရာရောက်ခိုက်၊ လှိုင်းဝဲရိုက်၍၊ ရေ၌မွန်းနစ်၊ ငါးစာဖြစ်သို့" လို့ မိန့်ဆိုတော်မူခဲ့ပါတယ်။

## ကျီးမိုက်ပမာ သတ္တဝါ

အသင်မင်းကြီး၊ မင်းကြီးနှင့်တကွ လောကသတ္တဝါတွေဟာ ကျီးမိုက်နဲ့ တူကြတယ်။ အာရုံငါးပါး ကာမဂုဏ်တရားတွေက ဆင်သေကောင်ကြီးနဲ့ တူတယ်။ ဒါန သီလ ဘာဝနာစတဲ့ ကုသိုလ်တရားတွေဟာ အမြဲထာဝရအားကိုးကြရမယ့် တောတောင်သစ်ပင်တွေ၊ ကျောင်းကန်ဘုရားတွေနဲ့ တူတယ်။ အပါယ်လေးပါးက သမုဒ္ဒရာနဲ့ တူတယ်။

အားလုံးသောသတ္တဝါများဟာ ဆင်သေကောင်ကြီးနဲ့တူတဲ့ ဒီအာရုံငါးပါး ကာမဂုဏ်တရားတွေကိုပဲ အကောင်းထင် သာယာစရာထင် အားကိုးရာအစစ်အမှန်ထင် ခိုကိုးရာအစစ်အမှန်ထင်နေကြတယ်။ အဲဒီအထင်ကြောင့်ပဲ ဒီအာရုံကာမဂုဏ်တွေကို သိပ်အထင်ကြီးကြတာပဲ။ ဒီအာရုံငါးပါး ကာမဂုဏ်တရားတွေကိုပဲ ခံစားသုံးဆောင်နေကြတယ်။ နေ့လည်း ဒီကာမဂုဏ်ဆင်သေကြီး စီးပြီး တော့ပျော် ညလည်း ဒီကာမဂုဏ်ဆင်သေကြီး စီးပြီးတော့ပျော်ပေါ့။

ဒါနကုသိုလ်ပြုစရာကိစ္စတွေ သီလကုသိုလ်ဆောက်တည်ဖို့ အချိန်တွေ ဘာဝနာတရားအားထုတ်ဖို့ရာ အခွင့်အလမ်းတွေနဲ့ ကြုံသော်လည်းပဲ ဒီအလုပ်တွေဟာ တို့အလုပ်တွေမဟုတ်ဘူး၊ ကျောင်းကန်ဘုရားနဲ့ တရားရိပ်သာတွေကို တွေ့ရပေမယ့် ဒီနေရာတွေဟာ တို့နဲ့မဆိုင်ဘူးလို့ ထင်ပြီးတော့ ဒါန စသည်တို့ကို မပြုလုပ်ကြဘူး။ နှစ်ရှည်လများ ဆင်သေကောင်အလား ဒီအာရုံ ကာမဂုဏ်တရားတွေကိုပဲ ခံစားနေကြပါတယ်။ ဒီလိုခံစားနေတုန်းမှာပဲ တဖြည်းဖြည်း အိုလာပြီး သေရမယ့်ဘောင်စောင်း လဲလျောင်းနေရပြီ။ ဒီတော့မှ လောကလူသားတွေ အားကိုးရာရှာကြတယ်။

ကျန်းမာစဉ် နေကောင်းစဉ် ဟိုရှေးယခင်က အားကိုးရာအစစ်အမှန်လို့ ထင်မြင်ခဲ့တဲ့ သားဖြစ်သူကို အားကိုးကြည့်တော့ သားကိုလည်း အားကိုးလို့မရ၊ ရောဂါဝေဒနာတွေက တိုးတိုးလာနေပြီ၊ သမီးကို အားကိုးဖို့ ရှာကြံကြည့်တော့လည်း သမီးက ရောဂါဝေဒနာသက်သာအောင် ဘာမှမတတ်နိုင်။ သေဖို့က တဖြည်းဖြည်းနီးလာပြီ၊ ဆွေတွေ မျိုးတွေ အားကိုးရမလားလို့ ကြည့်လိုက်ပြန်တော့လည်း အားလုံးက လက်မှိုင်ချပြီး သေမင်းကို လက်မြှောက်နေကြပြီ။ စည်းစိမ်ဥစ္စာတွေ အားကိုးကြည့်သော်လည်းပဲ စည်းစိမ်ဥစ္စာတွေက မသေအောင် မကယ်နိုင်၊ သေဖို့က နေ့လားညလား ရွေးနေပြီ။ အချိန်ပိုင်းလေးပဲ လိုတော့တယ်။ ဒီတော့မှ ဩော်... တကယ့်အရေး တကယ့်ဘေးနဲ့ ရင်ဆိုင်လာရတဲ့တစ်နေ့ကျ ဘယ်သူ့ကိုမှ အားကိုးလို့မရပါလားလို့ တွေးပြီး စိတ်အားငယ်လာရှာတယ်။

အသက်ရှင်စဉ် ကျန်းမာနေခိုက်အချိန်က ဘာကုသိုလ်မှ ပြုမထားတော့ ဒါနကုသိုလ်လည်း အားကိုးစရာမရှိ၊ သီလကုသိုလ်

လည်း အားကိုးစရာမပါ၊ ဘာဝနာလည်း အားကိုးစရာကမမြင်။ အဲဒီလိုနဲ့ အားကိုးစရာရှာရင်း ရှာရင်းနဲ့ အမောဆို့ကာ စုတေပြတ်ကြွေသေပြီး အပါယ်လေးပါးရောက်လို့ အပါယ်ငရဲစာ ဖြစ်ရရှာတယ်။

"စင်စစ်မှန်ဆောင်၊ လူတို့ဘောင်ဝယ်၊ အိမ်ထောင်ဝင်ထဲ၊ သေအောင်စွဲ၍၊ အမြဲနေကြား၊ သားမယားနဲ့၊ စံစားကာမ၊ လူထိုမျှကို၊ ကာကပညာ၊ ကျီးပမာဟု၊ မဟာဝိသုဒ်၊ မြတ်သမ္ဗုဒ်တို့၊ ရွှေနှုတ်လှစ်ခွဲ၊ ဟောခဲ့ပေ၏။"

ဒါကြောင့်မို့ အသင်မင်းကြီးဟာ ဆင်သေကိုစီးပြီး လိုက်တဲ့ကျီးမိုက်လို မဖြစ်ချင်ပါနဲ့၊ ဘဝရေတိမ် အနစ်မခံချင်ပါနဲ့၊ အပါယ်ငရဲစာ အဖြစ်မခံချင်ပါနဲ့၊ ဒီအာရုံတွေကို စွန့်ပြီး တောထွက်ပါလို့ တိုက်တွန်းလိုက်ပြန်ပါတယ်။

## ဘုရားလောင်း တောထွက်

ဒီတော့မှ ဘုရားလောင်းအရှင်မမင်းကြီးက သတိသံဝေဂ ရလာပြီးတော့ "အရှင်ဘုရား... တပည့်တော် အမြင်မှန်ရပါပြီ ဘုရား၊ ဒီသား ဒီသမီး၊ ဒီလင် ဒီမယား၊ ဒီစည်းစိမ် ဒီဥစ္စာ ဂုဏ်ပကာသနတွေဟာ တကယ့်အရေး တကယ့်ဘေးနဲ့ ရင်ဆိုင်ရတဲ့တစ်ချိန် အားကိုးရာ အစစ်အမှန်မဟုတ်ကြောင်း၊ ကုသိုလ်တရားကမှ အားကိုးရာအစစ်အမှန်ဖြစ်ကြောင်း သဘောပေါက်ပါပြီ။ ဒါကြောင့် နက်ဖြန်သန်ဘက် ရက်မရွေးဘဲ ဒီနေ့ပဲ ရဟန်းပြုလို့ တောထွက်ပါတော့မယ်။ တပည့်တော်ရဲ့ဘဝကိုတော့ ဆင်သေကိုစီးလိုက်တဲ့ကျီးမိုက်လို အဖြစ်မခံနိုင်ပါဘုရား"လို့ လျှောက်ပြီး အရှင်မမင်းဟာ ထီးနန်းစည်းစိမ် မောင်းမမိဿံ အားလုံးကိုစွန့်ခွာပြီး ပရိက္ခရာရှစ်ပါး ခန္ဓာမှာဆင်မြန်းပြီး ရှင်ရဟန်းပြုလို့ တောထွက်တော်မူခဲ့ပါသတဲ့။

သူငယ်ချင်း သောဏကောဠိဝိသကဟာဗုဒ္ဓါက သတိပေးလိုက်တော့ သတိဖြစ်လာ သတိယှဉ်လာတယ်။ သတိယှဉ်တော့ ရဟန်းပြုတော ထွက်လို့ တရားဘာဝနာအားထုတ်တယ်။ အားထုတ်လို့ ဈာန်အဘိညာဉ်တွေ ရတယ်။ အဲဒီ ရလာတဲ့ ဈာန်အဘိညာဉ်တွေနဲ့ ပျော်ပြီး ဘဝနိဂုံးချုပ်ခဲ့တယ်။ ဘဝနိဂုံးချုပ်ပြီးတဲ့အခါ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်တွေမှာ ကျင်လည်ကျက်စား သွားလာပြီးတော့ ဘုန်းကြီးတို့ ဒီဘဒ္ဒကမ္ဘာမှာကျတော့ သိဒ္ဓတ္ထမင်းသားရယ်လို့ ဖြစ်ခဲ့တယ်။ ဒီဘဝမှာ ဆက်လက်ကျင့်ကြံပွားများ ကြိုးစားအားထုတ်လိုက်တဲ့အခါ သဗ္ဗညုတဉာဏ်ကြီးရလို့ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့တယ်။ အိုနာသေရေး ဒုက္ခဘေးက ကင်းဝေးတော်မူခဲ့ပါတယ်။ ဒါ သတိရှိလို့လား၊ သတိမရှိလို့လား။ သတိရှိလို့ပါဘုရား။

**အမြဲရှုပွား သတိထား**

ဒါကြောင့် သတိရှိဖို့ရာ သိပ်အရေးကြီးပါတယ်။ သတိရှိကြပါစေ။ သတိရှိလာတဲ့ပုဂ္ဂိုလ်များကျတော့ အဲဒီလို အပြင်လောက အတွင်းလောက သက်ရှိလောက သက်မဲ့လောကတွေက ပြနေတဲ့ တရားတွေကို ဆင်ခြင်စဉ်းစားရာက ခန္ဓာမှာ ဉာဏ်ရောက်ပြီး ဝိပဿနာဉာဏ်စဉ်တွေ တက်လို့မှ ရှုပွားနေနိုက်မှာပဲ လိုချင်မှု နှစ်သက်မှု စိတ်ဆိုးစိတ်ပျက်မှု စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ပင်ပန်းမှု စိတ်မချမ်းသာမှုများ မဖြစ်ပေါ် မခံစားရဘဲ အမြဲချမ်းသာကြရပါတယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကိုမြင်ကြတဲ့အခါမှာတော့ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပြီး ချမ်းသာမှုအပြည့်အဝခံစားကြရပါတယ်။ အဲဒီလို သတိသံဝေဂမရှိတဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ်ပုဂ္ဂိုလ် ဘယ်လိုပင် တရားပြနေသော်လည်းပဲ ဒါန သီလ ဘာဝနာစတဲ့ ကုသိုလ်တရား

တွေကို ပြုရမှန်းမသိ၊ အမေ့ကြီးမေ့ပြီးတော့ ပျော်ပါးမော်ကြွားကာ နေပြီး သေတဲ့အခါ အပါယ်လေးပါးရောက် အပါယ်စာ ငရဲစာဖြစ်လို့ ရှည်စွာသောကာလပတ်လုံး အပါယ်ငရဲဆင်းရဲကို ခံစားကြရမှာ ကျိန်းသေပါတယ်။

ဒါကြောင့် ယောဂီအပေါင်းသူတော်ကောင်းတို့လည်း ဒီ'သတိ ယှဉ်မှ တရားမြင်' တရားဒေသနာတော်ကို ကြားနာရ ဖတ်ရှုရတဲ့ အချိန်ကစပြီး မပေါ့မတန် ထက်သန်တဲ့သတိတရားနဲ့ လုံ့လစိုက် ကြိုးစားပြီး ရုပ်ဖြစ်တိုင်း စူးစူးစိုက်စိုက်ရှုသိနေကြဖို့၊ ခံစားမှုဖြစ်ပေါ် တိုင်း စူးစူးစိုက်စိုက်ရှုသိနေကြဖို့၊ စိတ်ဖြစ်သမျှ ကောင်းကောင်းဆိုး ဆိုး ဘယ်စိတ်မျိုးမဆို ရှုသိနေကြဖို့၊ မြင်သဘော ကြားသဘော နံ့ သဘော စားသဘော တွေ့ထိသဘော ကြံတွေးသဘောတွေ ဖြစ် တိုင်းဖြစ်တိုင်းလည်း စူးစူးစိုက်စိုက်ရှုသိနေကြဖို့၊ သွားလာလှုပ်ရှား ပြုမူမှုမှန်သမျှကိုလည်း သတိနဲ့ရှုသိနေကြဖို့ဖြစ်ပါတယ်။

ခုလို ရက်ရှည်လများ တရားရိပ်သာတွေမှာ ဝင်ရောက် အား ထုတ်ပြီးလို့ မိမိတို့နေရာရောက်လည်း အချိန်ရရင်ရသလို ရှုမှတ် ပေးရတယ်။ အိမ်မှာနေရင် အိမ် ရုံးမှာနေရင် ရုံး ဈေးမှာနေရင် ဈေး ဆိုင်ရာကိစ္စလေးတွေ ပြုလုပ်တိုင်း သတိကပ်ပြီး ပြုလုပ်နေလည်း ဝိပဿနာဖြစ်တာပါပဲ။

**ကောင်းသော နံနက်ခင်း**

ဥပမာ နံနက်အိပ်ရာက နိုး၊ မထမီ အိပ်ရာက နိုးတယ်ဆိုရင်ပဲ "နိုးလာပြီ ,နိုးလာပြီ" လို့ အိပ်ရာကနိုးတဲ့စိတ်ကို သတိနဲ့ရှုသိပေး လိုက်ပါ။ အရေးကြီးပြုလုပ်စရာလုပ်ငန်း မရှိသေးရင် အိပ်လျက် ပက် လက်လှန်ပြီး လက်နှစ်ဖက် ဝမ်းပိုက်ပေါ်မှာ တင်ထားပြီး စိတ်နဲ့ ဝမ်း

ဗိုက်ကို ကြည့်၍ ဝမ်းဗိုက်ဖောင်းတော့ "ဖောင်းတယ်"၊ ဝမ်းဗိုက်ပိန်တော့ "ပိန်တယ်" လို့ သတိနဲ့ရှုသိနေတဲ့အလုပ်ကို အလေ့အကျင့်ပြုလုပ်ပေးဖို့ပါပဲ။ ခုလို တစ်နေ့တာအချိန်ကို သတိယှဉ်တဲ့ ကုသိုလ်စိတ်နဲ့သာ အရုဏ်တက်လာခဲ့ရင် ကောင်းသောနံနက်ခင်း၊ ကျက်သရေ မင်္ဂလာရှိသော နံနက်ခင်း ဖြစ်တော့တာပါပဲ။ Good Morning လို့ နှုတ်ဆက်ရုံမျှနဲ့ ကောင်းသောနံနက်ခင်း ဖြစ်မလာနိုင်ပါဘူး။

## ကောင်းသောနေ့လယ်ခင်း

နောက် ဆက်လက်ပြုလုပ်ရမယ့် မျက်နှာသစ်ခြင်း အပေါ့အပါးသွားခြင်း သန့်ရှင်းရေးပြုလုပ်ခြင်း စားသောက်ခြင်း စသည်တွေကို ပြုလုပ်တော့လည်း မျက်နှာသစ်နေတယ်၊ အပေါ့အပါးသွားနေတယ်၊ ကော်ဖီသောက်နေတယ်၊ မုန့်စားနေတယ်၊ ထမင်းစားနေတယ် စသည်ဖြင့် ပြုလုပ်နေခိုက်အမူအရာများကို သတိနဲ့ ရှုသိပြီးနေဖို့ပါပဲ။ အိမ်မှုကိစ္စများအားလုံးပြီးလို့ မိမိဆိုင်ရာ လုပ်ငန်းခွင် သွားကြမယ်ဆိုတော့လည်း အိမ်ကထွက်ရင် 'ထွက်တယ် ထွက်တယ်'၊ ကားဆီသွားရင် 'သွားတယ် သွားတယ်'၊ ကားသော့နဲ့ ကားတံခါးဖွင့်တော့ 'ဖွင့်တယ် ဖွင့်တယ်'၊ ကားတွင်းဝင်တော့ 'ဝင်တယ်'၊ ထိုင်တော့ 'ထိုင်တယ်'၊ ကားမောင်းတော့ 'မောင်းတယ်'လို့ ရှုသိနေကြဖို့ပါပဲ။ ကုန်းကြောင်းသွားတဲ့ပုဂ္ဂိုလ်များအနေနဲ့ဆိုရင် 'သွားနေတယ် သွားနေတယ်'၊ သို့မဟုတ် ဘယ်ခြေလှမ်းတော့ 'ဘယ်လှမ်းတယ်'၊ ညာခြေလှမ်းတော့ 'ညာလှမ်းတယ်'၊ ဘယ်လှမ်းတယ် ညာလှမ်းတယ်လို့ ခြေထောက်လှုပ်ရှားမှုကလေးကို သတိကပ် ရှုသိလျက်သွားလာကြဖို့ ဖြစ်ပါတယ်။ တစ်စုံတစ်ယောက်နဲ့ တွေ့ရင် 'တွေ့

တယ်'၊ စကားပြောရင် 'ပြောတယ်'၊ တကြည့်ရင် 'ကြည့်တယ်'၊ စာရေးရင် 'ရေးတယ်'၊ ဈေးရောင်းဝယ်ရင် 'ရောင်းဝယ်တယ်' စသည် စသည်ဖြင့် မိမိတစ်နေ့တာလုပ်ငန်းရပ်များကိုလည်း သတိကပ်ပြီး ပြုလုပ်ကြဖို့ဖြစ်ပါတယ်။ ဒီလိုသာ တစ်နေ့တာလုပ်ငန်းရပ်များကို သတိကပ်ပြုလုပ်သွားရင် တစ်နေ့လယ်လုံးလည်း ဝိပဿနာကုသိုလ်တွေ ဆက်ကာဆက်ကာဖြစ်လို့ 'ကောင်းသောနေ့လယ်ခင်း' ဖြစ်တော့တာပါပဲ။

## ကောင်းသော ညနေခင်း

ဒါနဲ့ အချိန်တန်လို့ အိမ်ပြန်တဲ့အခါလည်း အိမ်တံခါးဖွင့်စရာလိုလို့ ဖွင့်ရင် 'ဖွင့်တယ် ဖွင့်တယ်'၊ အိမ်တွင်းဝင်လို့ရှိရင် 'ဝင်တယ် ဝင်တယ်'၊ အိမ်တွင်းမှုတွေ ပြုလုပ်တော့လည်း ပြုလုပ်မှုအားလုံးကို သတိကပ်ပြီး 'ပြုလုပ်တယ် ပြုလုပ်တယ်'လို့ မှတ်ကြဖို့၊ တစ်နေတာကိစ္စပြီးလို့ ညအိပ်ရာဝင် ပက်လက်ဖြစ်စေ၊ တစောင်းဖြစ်စေ အိပ်ပြီး အိပ်မပျော်သေးမီ 'အိပ်တယ် အိပ်တယ်'လို့ဖြစ်စေ၊ ဖောင်းတာ ပိန်တာကို 'ဖောင်းတယ်၊ ပိန်တယ်'လို့ဖြစ်စေ ရှုသိနေကြဖို့ပါပဲ။ ဒီလိုဆိုတော့ ကောင်းသောညနေခင်း၊ ကောင်းသောညချမ်းလည်း ဖြစ်တော့တာပါပဲ။ ခုပြောခဲ့တဲ့အတိုင်း လိုက်နာကျင့်သုံးလာနိုင်ပြီဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်မှာစိတ်ဆင်းရဲနိုင်တော့မလဲ။ ထာဝရစိတ်ချမ်းသာပြီပေါ့။ အများစုသတ္တဝါတွေရဲ့စိတ်ဟာ အတိတ်အကြောင်းအရာနှင့် အနာဂတ်အကြောင်းအရာများအပေါ်မှာသာ ရှိနေကြပါတယ်။ ပစ္စုပ္ပန်အကြောင်းအရာ (အာရုံ) အပေါ်မှာ မရှိကြပါ။ အဲဒီလို မိမိစိတ်ကို ပစ္စုပ္ပန်အကြောင်းအရာ (အာရုံ) ပေါ်၌ မထားနိုင်သမျှ ချမ်းသာမှု မရရှိနိုင်ပါ။ စိတ်ချမ်းသာမှုကို ရလိုပါက မိမိစိတ်ကို ပစ္စုပ္ပန်ဖြစ်ပေါ်နေ

ဆဲ အာရုံအပေါ်မှာသာ ရှိပါစေ၊ ခု ဘုန်းကြီးဟောပြောနေတဲ့ တရား က မိမိရဲ့စိတ်ကို ပစ္စုပ္ပန် (ဖြစ်ဆဲ) အာရုံအပေါ် ထားတတ်အောင် စိတ်ထားနည်းကို ဟောနေတာဖြစ်ပါတယ်။ သတိက ပစ္စုပ္ပန်အာရုံ အပေါ် အမြဲလိုလိုကပ်နေတော့ သတိလက်လွတ် ပြောဆိုပြုလုပ်မှု တွေလည်း နည်းနည်းသွားတော့ မှားယွင်းမှုလည်း မရှိသလောက် ဖြစ်လာပြန်တယ်။ မှားယွင်းမှုနည်းတော့ လောကအပြစ် သံသရာ အပြစ်များ ကင်းပသွားပါတယ်။

ဒါကြောင့်လည်းပဲ သတိရှိတဲ့ပုဂ္ဂိုလ်ဟာ ချမ်းသာပါတယ်။ နောက်ပြီးတော့ သတိကပ်ပြီး အမြဲလိုလို ရှုသိနေတော့ လိုချင်မှု စိတ်ဆိုးမှု စိတ်ပျက်မှု စိုးရိမ်ပူဆွေးမှု မနာလိုဝန်တိုမှု စတဲ့ ကိလေ သာတွေ နည်းပါး နည်းပါးလာလို့လည်း သတိရှိတဲ့ပုဂ္ဂိုလ်ဟာ ချမ်း သာပါတယ်။ သတိရှိလို့မို့ ကိလေသာ နည်းနည်းပါးသွားရင် နည်း နည်း ချမ်းသာတယ်၊ အတော်အတန်ပါးသွားရင် အတော်အတန် ချမ်းသာတယ်၊ သတိအားသိပ်ကောင်းလို့ ကိလေသာလုံးဝမဖြစ်ပါ က အပြည့်အဝချမ်းသာရပြီ။ နောက်ဆုံးမှာ သတိရှိခဲ့ရင် အိုခြင်း နာ ခြင်း သေခြင်း လုံးဝမရှိတဲ့ နိဗ္ဗာန်အထိရောက်နိုင်ကြောင်း လုံးဝချမ်း သာနိုင်ကြောင်း ဓမ္မပဒအဋ္ဌကထာမှာ ရှင်တော်မြတ်ဘုရား ဟော ကြားတော်မူခဲ့ပါတယ်။ အဲဒီဂါထာကို ရွတ်ဆိုပြီး ဒီ "သတိယှဉ်မှ တရားမြင်" တရားတော်ကို နိဂုံးချုပ်ကြပါစို့။

*အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။*

*အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာမတာ။*

အပ္ပမာဒေါ - မမေ့မလျော့ မပေါ့မဆ နေထိုင်ကြတောင်း ကောင်းသောသတိတရားသည်၊ အမတံပဒံ - မအိုမနာမသေရာမှန်

မြတ်နိဗ္ဗာန်သို့ ရောက်ရန်ရောက်ကြောင်း ကောင်းမြတ်သောအကျင့် ပါပေတည်း။ ပမာဒေါ - မေ့လျော့ပေါ့ဆ နေထိုင်ကြကြောင်း မကောင်းသော အကုသိုလ်စိတ်သည်၊ မစ္စုနော - ထပ်တလဲလဲ တစ်သေတည်း သေရခြင်း၏၊ ပဒံ - အကြောင်းပါပေတည်း။

အပမတ္တာ - မမေ့မလျော့ မပေါ့မဆ နေထိုင်ကြတောင်း သူတော်ကောင်းတို့သည်၊ နမီယန္တိ - မကြာမီဘဝ မဂ်ဖိုလ်ရသဖြင့် မသေကြရတော့ကုန်၊ ယေ - အကြင်သတ္တဝါတို့သည်၊ ပမတ္တာ - မေ့လျော့ ပေါ့ဆ နေကြကုန်၏၊ တေ - မေ့လျော့ပေါ့ဆ နေထိုင်ကြရာ ထိုသတ္တဝါတို့သည်၊ မတာယထာ - သေသူများနှင့် မခြားတစ်မူ အလားတူကြပါပေကုန်သတည်း။

အရှင်ဣန္ဒက

'သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာ ရှိပါစေ'